ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့ (2-9-2013) (၇၅၉၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးသန်စန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဥပဒေကြမ်းများရေးဆွဲရာတွင် အမြင်မတူသည်များရှိနိုင်သော်လည်း ဒီမိုကရေစီသဘောအရ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သွားရမည်

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ဥက္ကဋ္ဌနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးဇေ(၅၀၀) စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။(**ယာပုံ**)

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးရဲထွဋ်၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)၊ အတွင်းရေးမှူး ဦးကျော်မင်းဆွေတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အနေဖြင့် ဖွဲ့စည်းခဲ့ချိန်မှစတင်၍ လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ သတင်းမီဒီယာဥပဒေကြမ်းရေးဆွဲတင်သွင်းခဲ့မှုအခြေအနေ၊ စာနယ်ဇင်းသမားများအား ကျင့်ဝတ်နှင့် စာနယ်ဇင်းအတတ်ပညာဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ပုဂ္ဂလိကစာနယ်ဇင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးရန်လိုအပ်သည့်အခြေအနေ၊ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့်ပတ်သက်သည့် သဘောထားအမြင်များ၊ စာနယ်ဇင်းကောင်စီ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ အစိုးရဌာနများထံမှ သတင်းအချက်အလက်များရယူရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

လယ်မြေများရေကြီးနစ်မြုပ်မှုကို တားဆီးကာကွယ်ပေးနေသည့် ခရမ်းမြို့အရှေ့ခြမ်းမှ ကင်မွန်းခြံရေထိန်းတံခါး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အရှေ့ခြမ်းတွင် ကင်မွန်းခြံရေထိန်းတံခါးတစ်ခုကို သက်ဆိုင်ရာမှ အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သဖြင့် ယခုနှစ်မိုးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးကြီးနေသော်လည်း လယ်မြေများရေကြီး နစ်မြုပ်ခြင်းမှ လွတ်ကင်းလျက်ရှိသည်ဟု သိရသည်။

ခရမ်းမြို့နယ်ရှိ ပြည်သူအများစုဖြစ်သော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးလုပ်ကိုင်ကြသူများဖြစ်ကြရာ ဒေသတွင်းမိုးစပါးစိုက်ဧက ၁၁၀၀၀၀ ကျော်ရှိပြီး ငါးမွေးကန်ဧက ၅၀၀၀ ကျော်ဖြင့်လည်း မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြသည်။ ထို့အပြင် ညောင်ပင်ကွင်း၊ ကျုံမရေ၊ ဝန်လေးဝ၊ ကွမ်ဖို့ဒိန်းကရင်စုစသည့် ကျေးရွာများတွင်လည်း ပန်းနှင့် ရာသီသီးနှံများကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ကြေးမုံစာတည်းရှုထောင့် ၂-၉-၂၀၁၃၊ တနင်္လာနေ့

ရေပေါ်မြို့များ

ရေပတ်လည်ဝန်းရံလျက်ရှိသောကုန်းမြေကို ကျွန်းဟုခေါ်ပါသည်။ ငယ်ငယ်တုန်းက မူလတန်းတွင် ဖတ်ခဲ့ရသော သင်ခန်းစာတစ်ခု။ “ မိုးရေတက်ရေတဖွေးဖွေး ကွင်းကျယ်အဝေးဝေး လယ်စောင့်တဲလေးခြေတံရှည်---” ကျောင်းတုန်းက အသံပြဖြင့် အော်ဆိုခဲ့ဖူးသည့် ဆရာကြီးမင်းသုဝဏ်၏ လယ်စောင့်တဲလေးကဗျာ။ ယခု မိမိတို့မျက်စိအောက်မှာ မဟာရန်ကုန် ဤပုံဤနှယ်ဖြစ်၍လာသည်။

လမ်းတွေ၊ ကျောင်းတွေ၊ အိမ်တွေအားလုံးလိုလို မိုးရေတက်ရေဖြိုးဖြိုးမောက်မောက် ပတ်ချာလည်ဝိုင်း ဖွေးဖွေးလှုပ်လှုပ်ရှိနေသည်။ ရန်ကုန်မြို့ကို စတင်တည်ထောင်ချိန်က စနစ်တကျရှိခဲ့ပြားလည်း နောက်ပိုင်းတွင် လူဦးရေထူပြောလာမှုကြောင့် လူနေရပ်ဝန်းများ တိုးပွားလာသည်။ ယခင်က ရပ်ကွက်အလိုက်၊ လမ်းအလိုက် မီးတားကွက်လပ်မြေနှင့် ရေထွက်မြောင်းကြီးများ ပျောက်သွားသည်။ ဥပမာ သာကေတမှ ထူပါရုံနှင့် အနော်မာကြား မီးတာနယ်မြေ၊ ရေထွက်မြောင်းကြီး လုံးဝပျောက်သွားသည်။ မိုးရေထွက်ပေါက်ပိတ်သွား၍ လမ်းများရေပြည့်လျှံနေသည်။ ၁၉၅၈ ခုနှစ်က မြို့ပြအင်္ဂါရပ်နှင့်အညီ စတည်ခဲ့သော ဥက္ကလာပ၊ သာကေတတို့၏ မြေနိမ့်ရပ်ဝန်းများ ကြုံတွေ့နေရမြဲ ရေဘေးဒုက္ခများကြောင့် မြို့ပြအဆင့် နိမ့်ကျသွားရခြင်း။

ကမ္ဘာနှင့်အဝှမ်းတွင်လည်း ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခသတင်းတွေ များစွာဖတ်နေရသည်။ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကမ္ဘာသားများ ခံစားနေကြရခြင်း။

လေထုထဲမှာ ကာဗွန်လွန်ကဲလာနေမှုကြောင့် ကမ္ဘာ့ရေထု၊ မြေထု၊ ရာသီဥတုတို့ လှုပ်ခတ်လာရသည်။ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကမ္ဘာနှင့်အဝှမ်း ခံစားလာနေရသည်။ အထူးသဖြင့် ကမ္ဘာ့ရေချိုပမာဏ ၇၀ ရာခိုင်နှုန်းတည်ရှိရာ ဝင်ရိုးစွန်းဒေသရှိ ရေခဲဆီးနှင်းလွှာများအရည်ပျော်လာနေသည်။ တစ်နှစ်ထက်တစ်နှစ် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာနေသည်။ ပင်လယ်ကမ်းစပ်နိုင်ငံများ၊ အထူးသဖြင့် ကျွန်းနိုင်ငံများ၏ ပထဝီအနေအထားကို ခြိမ်းခြောက်လာနေသည်။ ဤအတိုင်းသာဆက်လက်ဖြစ်ပေါ်နေပါက တချို့ ကျွန်းနိုင်ငံများသည် တချိန်ချိန်မိမိတို့နိုင်ငံ၏ အင်းလေးဒေသလို ဆရာကြီး မင်းသုဝဏ်၏ “လယ်စောင့်တဲလေးလို” ရေပြင်ကျယ်မှာ ခြေတံရှည်အိမ်များနှင့် ဖြစ်လာနိုင်သည်။

ကမ္ဘာပေါ်တွင် ထင်ရှားသော ရေပေါ်မြို့ကြီး ခြောက်မြို့ရှိကြောင်း မှတ်သားဖူးသည်။ အီတလီနိုင်ငံမှ ကမ္ဘာကျော်ဗင်းနစ်မြို့၊ အိန္ဒိယမှ ကာရယ်လာ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ တရုတ်မှ ရေပေါ်မြို့ငယ်များ၊ နယ်သာလန်မှ ဂီလိုအွန်၊ ဆွီဒင်မှ စတော့ဟုမ်းမြို့များသည် ကမ္ဘာကအသိအမှတ်ပြုထားသော ရေပေါ်မြို့များဖြစ်ကြသည်။ စတော့ဟုမ်းမြို့ဆိုလျှင် ကျွန်းပေါင်း ၁၄ ကျွန်းပေါ်တွင် တည်ထားပြီး တံတားပေါင်း ၅၇ စင်းကို ဆက်သွယ်ပေါင်းကူးလက်ယှက်ထိုးသွယ်တန်းထားမှုဖြင့် မြို့ပြကို အလှဆင်ပေးထားသည်။

ရှားပါးပြီး ထူးခြားမှုရှိလျှင် လူတွေတန်ဖိုးထားတတ်ကြမြဲ ဓမ္မတာ။ မိမိတို့အင်းလေးဒေသအပါအဝင် ဤရေပေါ်မြို့ကြီးများသို့ ခရီးသွားများဝင်လာမစဲ တသဲသဲက သက်သေပြနေသည်။ နောက်များမကြာမီ ကမ္ဘာနှင့်အဝှမ်းတွင် ရေပေါ်မြို့ကြီးငယ်များ ထပ်တိုးလာနိုင်သည်။ အထူးသဖြင့် ပင်လယ်ကမ်းစပ် မြစ်ဝှမ်းဒေသရှိမြို့များ ရေပေါ်မြို့ဖြစ်လာနိုင်သည်။ ပင်လယ်ရေမျက်နှာပြင် တဖြည်းဖြည်းမြင့်တက်လာနေသလို အခြားတစ်ဖက်တွင်လည်း မြေအောက်ရေ အလွန်အကျွံသုံးစွဲလာနေမှုကြောင့် မြစ်ဝှမ်းဒေသကြီးများ၏ သုံးပုံ နှစ်ပုံ ရေထဲနစ်မြုပ်လျက်ရှိနေပြီ။ တစ်ဖက်မှာ ရေနှင့် အခြားတစ်ဖက်မှာ မြေကျွံမြေနိမ့်နှင့် ရေပေါ်မြို့ကြီးများ ဖြစ်လာနေသည်။

မိမိတို့နိုင်ငံတွင်လည်း မဟာရန်ကုန်အပါအဝင် ကမ်းစပ်မြို့များဖြစ်သည့် ရမ်းဗြဲ၊ မာန်အောင်၊ ကိုကိုးကျွန်းစုနှင့် မြိတ်ကျွန်းစုများသည် ပင်လယ်နှင့် ရင်းနှီးကျွမ်းဝင် လက်တစ်ကမ်းအကွာမှာရှိနေသည်။ ယခုကတည်းက အိမ်တွေ၊ လမ်းတွေရေပြည့်ရေလျှံမှုနှင့် ကြုံတင်ထိတွေ့မှုရှိနေကြသည်။ တစ်ချိန်ချိန်ရေပေါ်မြို့များဖြစ်လာလည်း လိုက်လျောညီထွေစွာဖြင့် ရင်ဆိုင်ပြီး မြို့ပြကို အလှဆင်ကြရပါမည်။ ။

မှတ်တိုင်ဇရိယာအတွင်း မဆိုင်သောယာဉ်များ ဖယ်ရှားနိုင်မှ ခရီးသွားများအတွက် အဆင်ပြေမည်

ရန်ကုန် စက်တင်ဘာ ၁

မှတ်တိုင်ဇရိယာအတွင်း မဆိုင်သော ယာဉ်များရပ်တန့်မှုကို ထိရောက်စွာ ကြပ်မတ်လုပ်ဆောင်နိုင်မှ ခရီးသွားများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များမှ ဒေသခံများက ဆိုကြသည်။

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမပေါ်ရှိ ရဲတံခွန်တာဝါရှေ့မှ ဟုမ်းလမ်းမှတ်တိုင်တွင် ခရီးသည်တင် ယာဉ်လိုင်းများ စနစ်တကျရပ်တန့်ရန် ရေးဆွဲထားသော မျဉ်းဝါအံ့ခွက်ကိုပင် အခြားသော ယာဉ်များက ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပိတ်ရပ်ခြင်း၊ တက္ကစီများ ဂိတ်သဖွယ် လုပ်ဆောင်လာကြခြင်း တို့ကြောင့် ဒေသခံများအဖို့ ယာဉ်အန္တရာယ်ကြားမှ ခရီးသွားရသည်ကို နေ့စဉ်လိုလို စိတ်မချမ်းမြေ့ဖွယ် ကြုံနေရခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်ကို သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် လုပ်ဆောင်နေရာတွင် ခရီးသည်တင်ယာဉ်များ စနစ်တကျရပ်တန့်ရန် မှတ်တိုင်ဇရိယာအဖြစ် မျဉ်းဝါအံ့ကွက်များကို ရေးဆွဲပေးခဲ့သလို အောက်ကြည့်မြင်တိုင်လမ်းမပေါ် ရဲတံခွန်တာဝါရှေ့တွင်လည်း ဆူးလေဘက်သို့သွားသည့် ဟုမ်းလမ်းမှတ်တိုင်ကိုသက်ဆိုင်ရာက တရားဝင်သတ်သတ်မှတ်မှတ်ရှိရန် မျဉ်းဝါအံ့ကွက်ရေးဆွဲပေးထားလျက်ရှိသည်။ (လွန်ခဲ့သောလက ကြေးမုံတွင် သတင်းဖော်ပြပြီး)

သို့ရာတွင် အခြားသော ယာဉ်များက ခရီးသည်တင်ယာဉ်များရပ်ရန် မျဉ်းဝါအံ့ကွက်အတွင်း ပိတ်ဆို့ရပ်တန့်ခြင်းကြောင့် ခရီးသည်တင်ယာဉ်များ ရပ်တန့်ရာတွင် အခက်အခဲဖြစ်ကာ ခရီးသည်များအတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်ရသည်။

ထိုသို့ မျဉ်းဝါအံ့ကွက်အတွင်း အခြားယာဉ်များပိတ်ဆို့စဉ် မှတ်တိုင်အတွင်း၌ စနစ်တကျရပ်တန့်ခွင့်မရဘဲ လမ်းပေါ်တွင် ခရီးသည်အတင်အချလုပ်မိသော ခရီးသည်တင်ယာဉ်များအဖို့ လှည့်ကင်းများမှ ဖမ်းဆီးအရေးယူခြင်း ခံရသောကြောင့် အချို့သော ယာဉ်များမှာ ဟုမ်းလမ်းမှတ်တိုင် (ရဲတံခွန်တာဝါရှေ့)တွင် မရပ်တော့သည့်အတွက် ခရီးသည်များအဖို့ အခက်အခဲများကြုံခဲ့ကြသည်။

ယင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးက “မှတ်တိုင်မျဉ်းဝါထဲမှာ ရပ်တဲ့ စည်းကမ်းမဲ့ကားတွေတော့ မဖမ်းဘဲ ဘတ်စ်ကားတွေကို ဖမ်းတော့ မနက်မနက်ဆိုရင် ဒုက္ခရောက်ရတာ ခရီးသည်တွေပဲ” ဟု ဆိုသည်။

အဆိုပါ ရဲတံခွန်တာဝါရှေ့မှ ဟုမ်းလမ်းမှတ်တိုင်သည် လွန်ခဲ့သော ဆယ်စုနှစ်များစွာကတည်းက ရှိခဲ့ခြင်းဖြစ်ပြီး ပတ်ဝန်းကျင်ဆေးရုံ၊ ဆေးခန်းများနှင့် နီးခြင်း၊ ရထားဘူတာရုံသို့လည်းကောင်း၊ ဈေးသို့လည်းကောင်း၊ ကမ်းနားလမ်းဘက်သို့ လမ်းကောင်း သွားလာရန်လွယ်ကူခြင်း၊ ကုမ္ပဏီနှင့်စီးပွားရေးလုပ်ငန်းများစွာလည်း အနီးတစ်ဝိုက်တွင် ရှိခြင်းကြောင့် ဒေသတစ်ဝိုက်တွင် ခရီးသည်များစွာ အားထားရသော မှတ်တိုင်နေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၁

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့၏ အစီရင်ခံစာများကိုမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၉-၂၀၁၃ (တနင်္လာနေ့)

၅း၄၀ “ဝိသာခါတောင်းဆု(၈)ပါး” တရားတော်(ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရာဘိဝံသ)

၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “မျက်နှာဖုံးချစ်သူ” (အပိုင်း-၆၀)

၇း၁၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ဆန္ဒနတ်သမီး” (အပိုင်း-၂)

၈း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးမှုကမ္ဘာ” (အပိုင်း-၄၁)

၉း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ဒီဇိုင်နာမမ” (အပိုင်း-၁၇)

ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တာဝန်ယူမှု၊ တာဝန်ခံလိုမှု အားနည်း

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေမှအစ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်ရာအစု ဆောက်လုပ်ခြင်း၊ ရပ်ကွက်/ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ နေအိမ်အဆောက်အအုံအသစ်ဆောက်လုပ်ခြင်းတို့ကို တားမြစ်ဖယ်ရှားရှင်းလင်းဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညွှန်ကြားပြီးဖြစ်သော်လည်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေအပိုဒ်(၂၂)၊ အပိုဒ်ခွဲ (က) (ဂ) အရ ဆောင်ရွက်ရန်ညွှန်ကြားချက်များကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ လေ့လာဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံလိုစိတ်အားနည်းနေသဖြင့် မလိုလားအပ်သည့် ပြဿနာများမဖြစ်ပွားစေရန် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက အုပ်ချုပ်ရေးဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း အလေးထားဆောင်ရွက်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့က ညွှန်ကြားထားကြောင်း သိရသည်။

(မင်းထက်ပိုင်-လှိုင်သာယာ)

ပြည်တွင်းရေးရာ

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတက စာနယ်ဇင်းကောင်စီဝင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များပြားမှုနှင့် အသက်အရွယ်ကြီးရင့်မှု ရှိနေလင့်ကစား စာနယ်ဇင်းလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ပေးလုပ်ဆောင်နေသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ စာနယ်ဇင်းကောင်စီ(ယာယီ)၏ လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် စာနယ်ဇင်းကောင်စီ၏ လွတ်လပ်မှုကိုမထိခိုက်စေဘဲ ကူညီပံ့ပိုးပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သတင်းမီဒီယာသမားများ၏ အခွင့်အရေးနှင့် တာဝန်များကို ပထမဆုံးအကြိမ်အဖြစ် ဥပဒေဖြင့် ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်နိုင်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဥပဒေကြမ်းများရေးဆွဲရာတွင် အမြင်မတူသည်များရှိနိုင်သော်လည်း ဒီမိုကရေစီသဘောအရ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မီဒီယာဥပဒေများသည် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနောက်ခံ၊ မြန်မာတို့၏ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာတရားများ၏ အဆုံးအမတို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သကဲ့သို့ နိုင်ငံတကာ စံများနှင့်လည်းကိုက်ညီရန်လိုအပ်ပါကြောင်း၊ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းရာနှင့်ချီ၍ ကျင့်သုံးလာခဲ့သည့် နိုင်ငံများ၏ အခြေအနေကို လေ့လာသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာရန်လည်းလိုအပ်ပါကြောင်း၊ မိမိတို့ လိုချင်သည့် မီဒီယာလောကအခြေအနေသို့ ရောက်ရှိအောင် အဆင့်ဆင့်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများမှ သတင်းအချက်အလက်များ လျင်လျင်မြန်မြန်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

အခွန်ထမ်းပြည်သူများ အခွန်ကိုလိုလိုလားလားထမ်းဆောင်လာစေရေး ပညာပေးစည်းရုံး

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေအများဆုံးရရှိရေးအတွက် တာဝန်ယူဆောင်ရွက်နေသော ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းများသည် နိုင်ငံတော်က ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနားလည်သဘောပေါက်ပြီး အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ ဆန္ဒ၊ လိုလားချက်များ၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိမှုစသည့် အချက်အလက်များအပေါ် အခြေခံပြီး အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ ပြုပြင်ပြောင်းလဲရန်နှင့် အခြေခံဥပဒေနှင့်အညီ ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ရန် လွှတ်တော်တွင် ဆွေးနွေးခြင်း၊ သုံးသပ်အကြံပြုခြင်း၊ အဆိုပြုခြင်းများရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခံယူချက်၊ စိတ်ထားများ ပြုပြင်ပြောင်းလဲပြီး အခွန်ထမ်းပြည်သူများ အခွန်ကို လိုလားစွာ ထမ်းဆောင်လာစေရေးအတွက် အသိပညာပေးစည်းရုံးကြိုးပမ်းဆောင်ရွက်ရန်နှင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဝန်ထမ်းများအားလုံး လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးကြစေလိုကြောင်း၊ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းမှု၊ ဥပဒေကို လေးစားလိုက်နာမှုဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသော အခွန်စနစ် ဖြစ်ပေါ်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ အရည်အချင်း၊ အရည်အသွေးပြည့်ဝသော၊ အကျင့်စာရိတ္တကောင်းမွန်သော ဝန်ထမ်းများ လိုအပ်သဖြင့် တစ်ဦးချင်းသာမက ဌာနတစ်ခုလုံး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တာဝန်ကျရာ နယ်မြေဒေသ အသီးသီးတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်တွင်းအခွန်များ ဦးစီးဌာန ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးမှူးများနှင့် တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဒေါက်တာမောင်မောင်သိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးမှူးများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြသည်။

ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့သို့ သွားရောက်၍ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်နှင့် အဖွဲ့ဝင်များက လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရေတိုနှင့် ရေရှည် အစီအမံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့တို့သည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာ ကောက်ခံမှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့် အခြေအနေများအား သုံးသပ်ဖော်ထုတ်ခြင်း၊ လက်တွေ့မြေပြင်ဆောင်ရွက်နေမှုအား အသေးစိတ်ထိတွေ့စိစစ်ခြင်း၊ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

မဲခေါင်ဒေသတွင်း(၆)နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးအဖွဲ့ များ၏ ဒုတိယအကြိမ်အစည်းအဝေး ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည်

နေပြည်တော် စက်တင်ဘာ ၁

မဲခေါင်ဒေသတွင်း ဝန်ကြီးများအဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအစီအစဉ်၏ အထူးအဖွဲ့များ အစည်းအဝေး (2nd Regional COMMIT Taskforce Meeting) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေး၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးတော့မည့် UNIAP (United Nations Inter- Agency Project on Human Trafficking) အစား East Asia Initiative Against Trafficking in Persons (EATIP) Project က ဆက်လက်ဆောင်ရွက်မည့်ကိစ္စနှင့် ပတ်သက်၍ မဲခေါင်ဒေသတွင်း (၆)နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများ၊ UNDP, UNIAP နှင့် IOM (International Organization for Migration) တို့မှ တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

East Asia Initiative Against Trafficking in Persons (EATIP) Project သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထိ (၅)နှစ်စီမံကိန်းဖြစ်သည်။ UNIAP အစကို ယခင်က UNDP မှ စီမံခန့်ခွဲခဲ့သော်လည်း ယခုစီမံချက်အသစ်ဖြစ်သည့် East Asia Initiative Against Trafficking in Persons (EATIP) Project ကို IOM မှ တာဝန်ယူသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။ UNIAP စီမံကိန်းသည် ၂၀၀၀ ပြည့်နှစ်မှစတင်ကာ မဲခေါင်ဒေသတွင်း(၆)နိုင်ငံများအကြား မဲခေါင်ဒေသတွင်း ဝန်ကြီးများအဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းစဉ် (COMMIT Process) ၏ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

2013 China-ASEAN Vocational Education Exhibition and Forum သို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့် သင်တန်းရေးရာ ဌာနမှူး ဦးသစ်လွင်စိုးတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စက်တင်ဘာ ၂ ရက်မှ (၅)ရက်အထိ ကျင်းပမည့် 2013 China-ASEAN Vocational Education Exhibition and Forum သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်လ်ဆင်မန်ဒဲလားဆေးရုံမှဆင်း၍ နေအိမ်သို့ပြန်လည်ရောက်ရှိ

ဂျိုဟန်နစ္စဘက် စက်တင်ဘာ ၁

အပြင်းအထန်မကျန်းမာမှုခံစားနေရပြီး ဆေးရုံတက်ကုသမှုခံယူနေရသော တောင်အာဖရိကနိုင်ငံ သမ္မတဟောင်း နယ်လ်ဆင်မန်ဒဲလားသည် ဆေးရုံမှဆင်း၍ ဂျိုဟန်နစ္စဘတ်မြို့ရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိလာကြောင်း၊ ၎င်းသည် နေအိမ်၌ပင် အထူးကြပ်မတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း သမ္မတဟောင်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းကြေညာချက်သည် လွန်ခဲ့သောတစ်ရက်က သမ္မတဟောင်း မန်ဒဲလားဆေးရုံမှဆင်းမည်ဖြစ်ကြောင်း သတင်းအား တာဝန်ရှိသူများက ငြင်းဆိုခဲ့ပြီး တစ်ရက်အကြာတွင် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ယင်းကြေညာချက်အရ တောင်အာဖရိကသမ္မတဟောင်း မန်ဒဲလား၏ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရှိပြီး တည်ငြိမ်မှုမရှိကြောင်း ဖော်ပြသည်။ တောင်အာဖရိကနိုင်ငံတွင် ဒီမိုကရေစီနည်းအရ ပထမဆုံးရွေးကောက်တင်မြှောက်ခံရသော သမ္မတဖြစ်သည့် မစ္စတာမန်ဒဲလားသည် ယခုနှစ် ဇွန်လအတွင်းကပင် အဆုတ်ရောဂါဖြင့် ဆေးရုံတက်ကုသမှုခံယူနေခဲ့ရသည်။ **ဘီဘီစီ။**

ဆီးရီးယားကို စစ်ရေးအရအရေးယူရန် လွှတ်တော်၏ခွင့်ပြုချက် အိုဘားမားရယူမည်

ဝါရှင်တန် စက်တင်ဘာ ၁

အမေရိကန်သမ္မတ ဘာရတ် အိုဘားမားက ဆီးရီးယားကို စစ်ရေးနည်းလမ်းဖြင့် အရေးယူတိုက်ခိုက်ရန် လွှတ်တော်၏ခွင့်ပြုချက်ကို တောင်းခံသွားမည်ဖြစ်ကြောင်း ဩဂုတ် ၃၁ရက် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အိုဘားမားက သူ့တွင်လုပ်ပိုင်ခွင့်အာဏာရှိသော်လည်း အမေရိကန်ပြည်ထောင်စုအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍အခြေအတင်ဆွေးနွေးရန်လိုအပ်ကြောင်း မိန့်ခွန်းတွင် ပြောကြားသည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးအဖွဲ့များ ဆီးရီးယားနိုင်ငံမှထွက်ခွာသွားပြီးနောက် အသင့်နေရာယူထားသော အမေရိကန်ရေတပ်သင်္ဘောများကလည်း ဒုံးကျည်များဖြင့်ပစ်ခတ်ရန် အမိန့်ကို စောင့်ဆိုင်းလျက်ရှိနေပြီဖြစ်သည်။ သို့သော်အမေရိကန်ပြည်သူများအနေဖြင့် အီရတ်နှင့် အာဖဂန်စစ်ပွဲများနှင့်ပတ်သက်၍ ငြီးငွေ့စိတ်ကုန်နေပြီး ပြင်းပြင်းထန်ထန်ဆန့်ကျင်မှုများရှိခဲ့သည်အတွက် တိုက်ခိုက်မှုမပြုမီ လွှတ်တော်၏ထောက်ခံချက်ရယူရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ဆီးရီးယားကို တိုက်ခိုက်ရန်ပါလီမန်သို့ အဆိုတင်သွင်းရာ ပါလီမန်က ပယ်ချခဲ့သည့်အတွက် အိုဘားမားက ယခုကဲ့သို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မကြာမီ ရက်ပိုင်းအတွင်း ပြုလုပ်မည့် လွှတ်တော်၏ ဆွေးနွေးဆုံးဖြတ်ချက်ကို နိုင်ငံတကာကစိတ်ဝင်တစား လှေလာစောင့်ကြည့်နေကြမည်ဖြစ်သည်။ **ရိုက်တာ။**

အီရတ်လွှတ်တော်အမတ်များ၏ အကျိုးခံစားခွင့်အပေါ် ပြည်သူများကန့်ကွက်

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်း၌ ဩဂုတ် ၃၀ ရက်တွင် ထောင်ပေါင်းများစွာသော ဆန္ဒပြကန့်ကွက်သူများသည် လွှတ်တော်အမတ်များ အလျှံအပါယ်အကျိုးခံစားခွင့်များရရှိနေခြင်းကို ဒေါသတကြီး ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။

အထူးသဖြင့် လွှတ်တော်အမတ်များက အငြိမ်းစားအကျိုးခံစားခွင့်အဖြစ် တစ်လလျှင် ဒေါ်လာထောင်နှင့်ချီ၍ ရယူနေကြခြင်းကို ဆန္ဒပြသူများက ပြင်းထန်စွာဝေဖန်ကြသည်။

မိလ္လာသန့်ရှင်းရေးဝန်ဆောင်မှုအားနည်းခြင်းနှင့် လုံလောက်သည့် လျှပ်စစ်ဓာတ်အားမရရှိခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေကြရသည့် နေ့စဉ်နှင့်အမျှ လုပ်ရှားရုန်းကန်နေကြရသော အီရတ်ပြည်သူတို့၏ ဘဝနှင့်နှိုင်းယှဉ်လျှင် များစွာကွာခြားနေသည်ဟု ဆိုကြသည်။ လွှတ်တော်အမတ်များက ငွေကြေးအမြောက်အမြားရယူနေကြကြောင်း၊ ယင်းငွေများကို လမ်း၊ တံတား၊ အဆောက်အအုံများနှင့် ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးတို့တွင် သုံးစွဲသင့်ကြောင်း ဘဂ္ဂဒက်မြို့လယ် ဆန္ဒပြသူများတွင် ပါဝင်သော ဆေးစပ်ပညာရှင် အေမာကာစင်က ပြောသည်။

အေအက်ဖ်ပီသတင်းထောက်များပေးပို့ချက်အရ ဘာဆရာဆိပ်ကမ်းမြို့၊ နာဆီရီယာ၊ နာဂျတ်၊ ကာဘာလာ၊ ကွတ်နှင့်ဟီလာမြို့များအပါအဝင် အီရတ်နိုင်ငံတောင်ပိုင်းတွင်လည်း ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ **အေအက်ဖ်ပီ။**

အီရတ်တွင်တိုက်ခိုက်မှုများဖြစ်ပွား၊ ၁၇ ဦးသေဆုံး၊ ၂၅ ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံတွင် ဩဂုတ် ၃၁ ရက်က တိုက်ခိုက်မှုများအသီးသီးဖြစ်ပွားရာ ၁၇ ဦးထက်မနည်း သေဆုံး၍ ၂၅ ဦးဒဏ်ရာရရှိကြောင်း စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက် အနောက်ဘက်မှ ကီလိုမီတာ ၁၀၀ ကွာဝေးသော အန်ဘာပြည်နယ် မြို့တော်ရာဟဒီရှိ ရဲတပ်ဖွဲ့လုံခြုံရေး စစ်ဆေးရေးစခန်းတွင် အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော ဝတ်စုံကိုဝတ်ဆင်၍ ဝင်ရောက်လာပြီး ဗုံးဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်ခံရမှုတွင် ရဲတပ်ဖွဲ့ဝင် လေးဦးနှင့် အရပ်သားသုံးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကဖြည့်စွက်ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ဘက်မှ ကီလိုမီတာ ၅၀ ကွာဝေးသော ဖော်လူဂျာမြို့တွင် ကားတစ်စီးကို အမည်မသိ သေနတ်သမားများက ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးသေဆုံးကြောင်း၊ ဘဂ္ဂဒက်မြောက်ဘက် ဒူဂျယ်လ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲရာ မိန်းကလေးနှစ်ဦး သေဆုံး၍ ၎င်းတို့၏ ဖခင်နှင့် အစ်ကိုတို့ဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

အာဖဂန်အရှေ့ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်၊ ကုမ္ပဏီဝန်ထမ်းရှစ်ဦးသေဆုံး

ကဘူး စက်တင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပါဝမ်ပြည်နယ်တွင် ဩဂုတ် ၃၁ ရက်က ဒေသတွင်းရှိ သတ္တုတွင်းကုမ္ပဏီတစ်ခုမှ ဝန်ထမ်းအလုပ်သမားများ စီးနင်းလိုက်ပါလာသောကားကို လမ်းဘေးထောင်ဗုံးထိမှန်ရာ အာဖဂန်အလုပ်သမားရှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ပါဝမ်ပြည်နယ် ဘာဂရမ်ခရိုင်ရှိ လမ်းပေါ်တွင် အိုင်အီးဒီဗုံးကိုထောင်ထားရာ လူ ၁၃ ဦးလိုက်ပါလာသော အဆိုပါကားကိုထိမှန်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏အိမ်အပြန်လမ်းတွင်ဖြစ်ကြောင်း၊ ရှစ်ဦးပွဲချင်းပြီးသေဆုံး၍ ဒဏ်ရာရသူများ သေရေးရှင်ရေးနှင့်ရင်ဆိုင်နေရကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကဘူးမြို့မြောက်ဘက်မှ ၅၅ ကီလိုမီတာအကွာရှိ ဘာဂရမ်ခရိုင်တွင် အမေရိကန်တို့၏ လေတပ်ပင်မအခြေစိုက်စခန်းတည်ရှိကြောင်း၊ ဩဂုတ် ၃၀ ရက်ကလည်း ဟဲလ်မန့်ပြည်နယ်တွင် အလားတူဖြစ်ရပ် ပေါ်ပေါက်ခဲ့ရာ အရပ်သား ၁၂ ဦးသေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၃၀ ရက် ညနေပိုင်းတွင် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်း အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကျန်ရှိသော လပေါင်း ၃၀ အတွင်း မိမိတို့၏ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများကို ပိုမိုအလေးထား ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး မျက်မမြင်ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့အချိန်ထိ တစ်နိုင်ငံလုံး၌ ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားပြီးသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်း စုစုပေါင်း ၁၁၈၄ တို့ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ယမန်နှစ်ကထက် ၃ ဒသမ ၁၃ ဆ တိုးမြှင့်၍ ကျပ်သန်းပေါင်း ၁၇၁၆ ဒသမ ၆ သန်း တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိတို့၏ ဂေဟာ/ကျောင်း/ဌာန အစဉ် တိုးတက်မှုရှိစေရန်အတွက် ရရှိငွေများကို ဘဏ်မှာထားရှိပြီး အတိုးအရင်းမှုတစွာ စနစ်တကျသုံးစွဲသွားရမည် ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် လူမှုစီးပွားဘဝ မြင့်မားရေးလုပ်ငန်းများနှင့် ဘေးဒဏ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းမြို့နယ်အတွင်းရှိ ရွာထောင်ဘိုးဘွားရိပ်သာအတွက် ၄၀ ဒသမ ၁၅ သိန်း၊ ဆားတောင်စံပြကျေးရွာ လူငယ်ပရဟိတဂေဟာအတွက် ၅၂ ဒသမ ၃၈ သိန်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း လေးကျောင်းအတွက် ၂၄ သိန်း၊ မြင်းမူမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ခြောက်သိန်း၊ ရွှေဘိုမြို့ သနန္တတရဓမ္မကျောင်း လူငယ်ပရဟိတဂေဟာအတွက် ၃၀ ဒသမ ၄၈ သိန်း၊ ရွှေဘိုမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ရှစ်ကျောင်းအတွက် ၄၈ သိန်း၊ ဒီပဲယင်းမြို့နယ်အတွင်းရှိ မရကန်အင်ကြင်းပင် လူငယ်ပရဟိတဂေဟာအတွက် ၅၃ ဒသမ ၈၄ သိန်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ခြောက်သိန်း၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ ၂၇ ဒသမ ၉၄၈ သိန်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း လေးကျောင်းအတွက် ၂၄ သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဦးမြို့နယ်အတွင်းရှိ ရေဦးလူငယ်ပရဟိတဂေဟာအတွက် ၃၅ ဒသမ ၅၉ သိန်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ၁၂ သိန်း၊ ခင်ဦးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ခြောက်သိန်း၊ တန့်ဆည်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ခြောက်သိန်း၊ ဝက်လက်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ၁၂ သိန်း၊ ကျွန်းလှမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ခြောက်သိန်းကိုလည်းကောင်း စုစုပေါင်းကျပ်သိန်းပေါင်း ၃၉၀ ဒသမ ၃၈၈ သိန်း တို့ကို ပေးအပ်ထောက်ပံ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အရာတော်မြို့နယ် ကမ်းပြုကျေးရွာ ရွှေကြာတစ်ထောင်ဘုရားအရုဏ်ခံတန်ဆောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားသော Help Age International က ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးအရ ထိခိုက်လွယ်သူများ၏ နစ်နာမှုများအား လျှော့ချရေးအတွက် သာတူညီမျှရှိပြီး အားလုံးပါဝင်သော ချဉ်းကပ်နည်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ရေးစီမံကိန်း (Reducing Economic Vulnerability through on Equitable & Inclusive Approach to Livelihood- REVEAL) အား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ခြင်းတောင်းရက်လုပ်ခြင်း**(အပေါ်ပုံ)**၊ မျိုးစေ့ဘဏ်၊ စိုက်ပျိုးရေး သင်တန်းဆောင်နှင့် လက်ရက်ကန်း၊ စက်ရက်ကန်းတို့ကို ကြည့်ရှုအားပေးကာ မှော်တော်ကျေးရွာအမက၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အောင်မြင်နေသော ဝင်ငွေတိုးလုပ်ငန်းဖြစ်သည့် လက်ရက်ကန်း၊ စက်ရက်ကန်းလုပ်ငန်းတို့ကို ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**



ကရင်တိုင်းရင်းသားများ ငြိမ်းချမ်းရေးဖော်ဆောင်သည့် ကြိုဆိုထောက်ခံပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ဩဂုတ် ၃၁ ရက် နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားများ ငြိမ်းချမ်းရေးဖော်ဆောင်မှု ကြိုဆိုထောက်ခံပွဲ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း တက်ရောက် အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနား ဒုတိယပိုင်းတွင် ကရင်တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ကရင်တိုင်းရင်းသား စာပေယဉ်ကျေးမှု၊ အနုပညာများ ဖော်ထုတ်ထိန်းသိမ်းရေး၊ ကရင်တိုင်းရင်းသားတို့၏ လူမှုတိုးတက်မြင့်မားရေး စာတမ်းများကို ဖတ်ကြားခဲ့ကြသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကရင်တိုင်းရင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၉-၂၀၁၃ (တနင်္လာနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	ကျန်းမာဖို့အတူကစားစို့
၈း၅၀	“ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ”
၉း၅၀	လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၁၀	ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် “ကောင်းကင်ထက်က ပန်းတစ်ပွင့်” (လူမင်း၊ ထက်ထက်မိုးဦး၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ-ညွန့်မြန်မာ ညီညီအောင်)
၂း၄၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွားရေး အထူးပြုများ) (အိမ်တွင်းစီးပွားရေးပညာ)
၄း၄၀	အကပဒေသာ
၅း၁၅	စန္ဒရားငွေစိုးတေးဂီတ အစီအစဉ်
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ သတင်း
၈း၃၅	ပြည်သူတို့ရဲ့စကားသံများ
၈း၄၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ

အခြေခံစာတတ်မြောက်ရေးမှသည် လုပ်ငန်းအကျိုးပြုစာတတ်မြောက်ရေးဆီသို့

စောအောင်(ပညာရေး)

မြန်မာနိုင်ငံသည် ပုဂံခေတ်အနော်ရထာမင်းလက်ထက်မှစ၍ ဗုဒ္ဓဘာသာထွန်းကားခဲ့သည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် မိမိတို့၏သားသမီးများကို ဗုဒ္ဓစာပေသင်ကြားပို့ချပေးသည့် ဘုန်းတော်ကြီးကျောင်းများသို့ စေလွှတ်သဖြင့် မြန်မာမင်းများ အုပ်စိုးစဉ်ကာလက မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၈၃၁ ခုနှစ် ပတ်ဝန်းကျင်တွင် အင်္ဂလန်နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းထက် မြင့်မားခဲ့ကြောင်း ၁၉၅၄ ခုနှစ် Octennial Report အရ သိရသည်။

နယ်ချဲ့လက်အောက်မကျရောက်မီက မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ကိုလိုနီစနစ်၏ဆိုးမွေကြောင့် လွတ်လပ်ရေးရပြီးချိန်တွင် စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။ နိမ့်ကျသွားခဲ့ရသည့် စာတတ်မြောက်မှုနှုန်းကို ပြန်လည်မြင့်တင်နိုင်ရေးအတွက် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပြန်လည်ကြိုးပမ်းခဲ့သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုကို ကာလသုံးပိုင်းခွဲ၍ လေ့လာနိုင်ပါသည်။

(က) ၁၉၄၈ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ပထမပိုင်းကာလ
(ခ) ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဒုတိယပိုင်းကာလ
(ဂ) ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တတိယပိုင်းကာလဟူ၍ ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးစကာလတွင် လူထုပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့် 'အ'သုံးလုံးကျေ သင်တန်းများဖွင့်လှစ်ခြင်း၊ တပ်မတော်အတွင်း 'အ'သုံးလုံးကျေသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ၁၉၅၂ ခုနှစ်မှစ၍ အစိုးရမူလတန်းကျောင်းမရှိသော ဒေသများတွင် ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းအရ ကလေးများ စာသင်ကြားနိုင်ရေးအတွက် ဘုန်းတော်ကြီးကျောင်းများကို ပံ့ပိုးမှုများပြုလုပ်ပေးခဲ့သဖြင့် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့သည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဒုတိယကြိုးပမ်းမှုကာလတွင် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဒုတိယကာလ၏အစမှာ ၁၉၆၄ ခုနှစ် နွေရာသီတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ ဖွင့်လှစ်ခဲ့သော ရန်ကုန် ကံဘဲ့ဆရာအတတ်သင်ကျောင်းမှ သင်တန်းသားများ၏ 'အ'သုံးလုံးကျေ မျက်ဖွင့်သင်တန်းပင်ဖြစ်သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ 'အ'သုံးလုံးကျေသင်တန်းများကို နိုင်ငံတစ်ဝန်း စမ်းသပ်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းမှစ၍ နှစ်စဉ်ခရိုင်များ တိုးချဲ့သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ပြည်နယ်/တိုင်းဒေသကြီးလုံးကျွတ်စာတတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ စာတတ်မြောက်ရေးကြိုးပမ်းမှုများအတွက် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော မိုဟာမက် ရီဇာ ပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် နိုမာဆုများကို ဆွတ်ခူးရရှိခဲ့သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ တတိယကြိုးပမ်းမှုကာလအတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေးတည်းဟူသော နည်းလမ်းသုံးသွယ်ဖြင့် ဟန်ချက်ညီညီဆောင်ရွက်ခဲ့သည်။

၁၉၉၀ ပြည့်နှစ် မတ်လ ၅ ရက်မှ ၉ ရက်အတွင်း "ကမ္ဘာ့ပညာရေးညီလာခံ" (World Conference on Education) ကို ထိုင်းနိုင်ငံ ဂျွန်တီယံမြို့တွင် ကျင်းပခဲ့ရာ UNDP, UNESCO, UNICEF, World Bank နှင့် နိုင်ငံတကာပညာရေးအကြီးအကဲများတက်ရောက်ပြီး 'လူတိုင်းအတွက်ပညာရေး' ခရစ်နှစ် ၂၀၀၀ ဂျွန်တီယံ ကြေညာချက် (Jomtien Declaration on Education for All 2000) ကို ချမှတ်ခဲ့သည်။

လူတိုင်းအတွက် ပညာရေးရည်မှန်းချက်များတွင် အဓိကအစီအစဉ်အဖြစ် အောက်ပါအချက်များပါဝင်ခဲ့သည်။

(က) နိုင်ငံတိုင်း၏ ၁၉၉၀ ပြည့်နှစ် သက်ကြီးစာမတတ်မှုနှုန်းကို ၂၀၀၀ ပြည့်နှစ်တွင် ထက်ဝက်လျှော့ချရန်။
(ခ) ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေပြီး ၈၀ ရာခိုင်နှုန်း မူလတန်းပညာရေးပြီးဆုံးစေရန်။
(ဂ) ကလေးသူငယ်များ၊ ကျောင်းထွက်စောသူများနှင့် လူငယ်များ ပညာရေး သင်ယူမှုအခွင့်အလမ်းတိုးမြှင့်စေရန်။

အဆိုပါရည်မှန်းချက်များကို ပြည့်မီစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ ခုနှစ် ပညာရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးစီမံကိန်းချမှတ်ခဲ့ပြီး လူတိုင်းအတွက်ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုဗဟိုကော်မတီဖွဲ့စည်းခဲ့သည်။ ထိုစီမံကိန်းအရ ကျောင်းပြင်ပပညာရေးလုပ်ငန်းများ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပင်မဌာန (Focal Institution) အဖြစ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနကို သတ်မှတ်တာဝန်ပေးခဲ့သည်။ ဤကာလအတွင်း စီမံကိန်းဝင်မြို့နယ်များ သတ်မှတ်ရွေးချယ်ကာ စာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သဖြင့် ၂၀၀၀ ပြည့်နှစ် သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၁ ရာခိုင်နှုန်းအထိရှိလာခဲ့သည်။ ဂျွန်တီယံညီလာခံက ချမှတ်ခဲ့သည့်မူအရ နိုင်ငံအဆင့်စာတတ်မြောက်မှုနှုန်းမှာ ၈၉ ရာခိုင်နှုန်းသာရှိရမည့်အစား နှစ်ရာခိုင်နှုန်းတိုး၍ ၉၁ ရာခိုင်နှုန်းအထိ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဧပြီ ၂၆၊ ၂၈ ရက်တွင် အာဖရိကတိုက် ဆီနီဂေါနိုင်ငံ ဒါကာမြို့၌ ကမ္ဘာ့နိုင်ငံ ၁၆၄ နိုင်ငံမှ နိုင်ငံရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည့် ကမ္ဘာ့ပညာရေးညီလာခံ (World Education Forum)က လူတိုင်းအတွက် ပညာရေး ဒါကာအညွှန်းဘောင်အရ ရည်မှန်းချက်များချမှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် မိမိရေ၊ မြေ၊ ဒေသ လိုအပ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းရှိသော လူတိုင်းအတွက် ပညာရေးရည်မှန်းချက် ခြောက်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်သည်-

> **နိုင်ငံအဆင့် စာတတ်မြောက်မှုနှုန်းမြင့်မားလာသည့်အတွက် စဉ်ဆက်ပညာရေးအစီအစဉ်များကို ၁၉၉၉ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်နှင့် ညောင်တုန်းမြို့နယ်များတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှစ၍ ပြည်နယ် /တိုင်းဒေသကြီးအလိုက်လည်းကောင်း ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် စဉ်ဆက်ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၃၀၄၀ ဖွင့်လှစ်ပြီးဖြစ်**

(က) ၂၀၁၅ ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့ မသင်မနေရ၊ အရည်အသွေးကောင်းမွန်သည့် အခြေခံပညာကို ပြီးဆုံးအောင်သင်ယူခွင့်ရရှိရေးအတွက် သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရရှိလာစေရန် သေချာအောင် ဆောင်ရွက်ရေး၊
(ခ) ဆရာများ၊ ပညာရေးလုပ်သားများနှင့် သင်ရိုးညွှန်းတမ်းတို့ပါဝင်သည့် အရည်အသွေးကောင်းမွန်သော အခြေခံပညာရေးထောင့်စုံ၊ ဘက်စုံတိုးတက်လာစေရေး၊
(ဂ) ၂၀၁၅ ခုနှစ်တွင် လူတိုင်းအတွက် လုပ်ငန်းအခြေပြုစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအဆင့်အားလုံး သိသာထင်ရှားစွာ တိုးတက်အောင်မြင်လာရေး၊
(ဃ) ကျောင်းပြင်ပပညာရေး၊ ဘဝတွက်တာကျွမ်းကျင်မှုနှင့် ကာကွယ်တားဆီးမှုပညာရေး အစီအစဉ်များမှတစ်ဆင့် လူငယ်များနှင့် သက်ကြီးများ၏ သင်ယူမှုလိုအပ်ချက်များရရှိလာစေရန် သေချာအောင်ဆောင်ရွက်ရေး၊
(င) ရှေးဦး ကလေးသူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေး၊ ၎င်းနှင့်ဆိုင်သော ပညာပေးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့လုပ်ဆောင်ရေးနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေး၊
(စ) ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးသတင်းအချက်အလက်စနစ်ကို အားဖြည့်ဆောင်ရွက်ရေး။

၂၀၁၅ ခုနှစ်တွင် သက်ကြီးများ အထူးသဖြင့် အမျိုးသမီးများ၏ စာတတ်မြောက်မှုအဆင့်အား ရာခိုင်နှုန်း ၅၀ တိုးတက်လာစေရန်နှင့် သက်ကြီးအားလုံး အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးကို သာတူညီမျှသင်ယူခွင့်ရရှိရန် ဒါကာအညွှန်းဘောင်အရ ရည်မှန်းအဆိုပြုထားရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်မတိုင်မီအတွင်း နိုင်ငံအဆင့်စာတတ်မြောက်နှုန်းကို ၉၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ရရှိစေရေးဆောင်ရွက်ရန် ဖြစ်ပါသည်။

ဒါကာလုပ်ငန်းအညွှန်းဘောင်၏ သတ်မှတ်ကာလအမီ သက်ကြီးစာတတ်မြောက်နှုန်းကို ပြည့်မီနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း လူဦးရေ သိပ်သည်းထူထပ်သည့်ဒေသများမှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးလုံးကျွတ်စာတတ်မြောက်ရေးလုပ်ငန်းကို နှစ်စဉ်စီမံချက်ချမှတ်ပြီး ပြည်နယ်/တိုင်းဒေသကြီးလုံးကျွတ်စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးသောဒေသများမှ ကျန်ရှိနေသေးသော စာမတတ်သူများအတွက် ကောက်သင်းကောက်စာတတ်မြောက်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် နယ်စပ်ဒေသတိုင်းရင်းသားများအတွက် 'နယ်စပ်ဒေသအသုံးလုံး' သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှစ၍ စာတတ်မြောက်ရေးလုပ်ငန်းကို ဒေသအခြေအနေနှင့် လိုက်လျောညီထွေ ဆောင်ရွက်စေခဲ့ရာ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံစာတတ်မြောက်မှုနှုန်းမှာ ၉၅ ဒသမ ဝ၈ ရာခိုင်နှုန်း ရရှိလာခဲ့ပြီးဖြစ်သည်။

နိုင်ငံအဆင့်စာတတ်မြောက်မှုနှုန်းမြင့်မားလာသည့်အတွက် စဉ်ဆက်ပညာရေး အစီအစဉ်များကို ၁၉၉၉ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်နှင့် ညောင်တုန်းမြို့နယ်များတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှစ၍ ပြည်နယ် /တိုင်းဒေသကြီးအလိုက်လည်းကောင်း ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် စဉ်ဆက်ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၃၀၄၀ ဖွင့်လှစ်ပြီးဖြစ်ပါသည်။

စာတတ်မြောက်ရေးကြိုးပမ်းမှု တတိယအစောပိုင်းကာလတွင် 'စာတတ်ပြီးရင် ဘာဆက်လုပ်မလဲ' ဟူသော မေးခွန်းနှင့် 'စာတတ်မြောက်ရေးသက်သက်ဖြင့် မဆွဲဆောင်နိုင်၊ မထိရောက်နိုင်' (Literacy alone is not attractive and effective) ဟူသော ကောက်ချက်ပေါ်ထွက်လာခဲ့ရာ ကျောင်းပြင်ပပညာရေး၏ အယူအဆနှင့် သဘောသဘာဝမှာ ပို၍ ကျယ်ပြန့်လာခဲ့သည်။

ထိုစဉ်ကာလက ကျောင်းပြင်ပ ပညာရေးပင်မဌာနဖြစ်သော မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနသည် -

(က) ပညာတစ်ပိုင်းတစ်စဖြင့်ကျောင်းထွက်သွားသူလူငယ်များအတွက် လက်တွေ့ကုန်ထုတ်ဦးတည် ကျောင်းပြင်ပပညာရေး နည်းလမ်းဖော်ထုတ်ခြင်းသုတေသနလုပ်ငန်း Research Study on the Methodology of Production -oriented Non-formal Education ကို ၁၉၇၅ မှ ၁၉၈၀ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာတွင် ဆောင်ရွက်ခဲ့ခြင်း၊
(ခ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး နှစ်မျိုးစလုံးပါဝင်သည့် မြို့နယ်ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်း (Township Education Development Project) ကို ၁၉၉၀-၁၉၉၂ ခုနှစ်အတွင်း ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်း၊
(ဂ) ရန်ကုန် ယူနီဆက်အဖွဲ့နှင့် ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီးမှ ညောင်လေးပင်၊ ဒိုက်ဦးနှင့် ကျောက်တံခါးမြို့နယ်များနှင့် မန္တလေးတိုင်းဒေသကြီးမှ ညောင်ဦး၊ ကျောက်ပန်းတောင်းနှင့် တောင်သာမြို့နယ်များတွင် Development of Non-formal Functional Literacy System ကို လေးနှစ်တာ စမ်းသပ်ဆောင်ရွက်ခဲ့ရာ အခြေခံစာစဉ်(၁)၊ (၂)၊(၃)နှင့် လုပ်ငန်းအကျိုးပြုစာစဉ် ၃၂ မျိုးကို ထုတ်ဝေအသုံးပြုနိုင်ခဲ့ခြင်းတို့ကိုသည် စမ်းသပ်ဆောင်ရွက်နိုင်မှု၏ အကျိုးရလဒ်ကောင်းများဟု ဆိုနိုင်ပါသည်။ ။

လျှပ်တော်ရေးရာ

◯ လယ်မြေများရေကြီး

ယခင်နှစ် မိုးရာသီများက အဆက်မပြတ်ရွာသွန်းပြီဆိုလျှင် ကောနေသည့် ခရမ်းချောင်းက ရေထောက်နေသဖြင့် ရေစီးနှုန်းနည်းကာ စပါးခင်းများ ရေနစ်မြုပ်ခြင်း၊ ငါးကန်များ ရေပြည့်ရေလျှံဖြစ်ခြင်း၊ ရာသီပင်သီးနှံစိုက်ခင်းနှင့် ပန်းခင်းများ ရေနစ်မြုပ်ခြင်းများဖြစ်ခဲ့ရသည်။ ထို့အပြင် ချောင်းကမ်းနားတွင် နေထိုင်ကြသော မြို့ပေါ်ရပ်ကွက်အချို့မှ နေအိမ်များရေလွှမ်းခဲ့ရ၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်ကာ ကူညီပေးခဲ့ကြရသည်။

ယခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်နှင့် ဩဂုတ်လပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ မိုးများ အဆက်မပြတ် ရွာသွန်းခဲ့သော်လည်း ခရမ်းမြို့နယ်အတွင်း ယခင်နှစ်များကကဲ့သို့ ရေကြီးနစ်မြုပ်ခြင်းများ လုံးဝဖြစ်ပေါ်ခဲ့ခြင်း မရှိသည့်အတွက် ဒေသခံပြည်သူများ ဝမ်းသာ၍နေကြကြောင်း သိရသည်။

သတင်းမှန်သိရှိနိုင်ရန် ကျွန်တော်ခရမ်းမြို့သို့ သွားခဲ့ပြီး မြို့မှတာဝန်ရှိသူများ စီစဉ်ပေးသည့် ပဲ့ထောင်မော်တော်ကလေးဖြင့် ခရမ်းအနောက်ဆိပ်ကမ်းမှ နံနက် ၉ နာရီတွင် ခရမ်းအရှေ့ခြမ်းသို့ ထွက်ခွာလာခဲ့သည်။ ခရမ်းအရှေ့ခြမ်းသို့ သွားရန် အရှေ့ခြမ်း မော်တော်ဆိပ်မှ စမထွက်ဘဲ အနောက်ဘက်ဆိပ်ကမ်းမှ စထွက်ခဲ့ခြင်းသည် ချောင်းကမ်းနားနေ ဒေသခံပြည်သူများ၏အိမ်များကို တွေ့မြင်လို၍ဖြစ်သည်။

ခရမ်းမြို့ ကမ်းနားနေချောင်းနှစ်ဖက်မှ ပြည်သူများသည် ပုံမှန်အတိုင်းပဲဖြစ်သည်။ ကျွန်တော်တို့စီးလာသည့် ပဲ့ထောင်မော်တော်ဆရာလေးကို အရှေ့ဆိပ်ကမ်းကျော်တော့ အမြန်မောင်းဖို့အချက်ပြလိုက်သည်ဆိုလျှင်ပဲ ပဲ့ထောင်မော်တော်လေးသည် ရေထုကိုခွဲ၍ ဘွားခနဲပေါ်လာပြီး ရှပ်ပြေးယာဉ် ဖြစ်လာပါတော့သည်။

ဘုရားပျို-ကြာကန်၊ ညောင်လမ်း-ပလူ၊ ဘိုကလေးအုန်းပင် စသည့် ကျေးရွာများတွင် အုပ်ဆိုင်းနေသည့် သစ်ပင်ကြီးများကို မော်တော်ပေါ်မှ ဖြတ်ခနဲဖြတ်ခနဲ လှမ်းမြင်နေရသည်။ ခရမ်းအရှေ့ခြမ်းမှ ရွာများသည် ယခင်က ယခုလို မိုးရာသီဆိုလျှင် ရွာထဲရေဝင်၍ လမ်းတွေပျောက်ပြီး အိမ်ပေါ်က ဆင်းတာနှင့် လှေပေါ်၊ လှေပေါ်က တက်တာနှင့် အိမ်ပေါ်ဖြင့်သာ သွားလာနေရသည့် ရွာများလည်းရှိသည်။ ယခု မဟုတ်တော့ပြီ၊ ပင်လယ်ကမ်းပြို၍ တစ်ရွာ၊ နှစ်ရွာစသဖြင့် ပျောက်သွားသည်ကလွဲ၍ ရေလမ်းခရီးတွင် ချောင်းနှင့် တမံနှင့် ဖြစ်နေသကဲ့သို့ ကုန်းလမ်းခရီးတွင် အရှေ့ခြမ်း၌ ခရမ်းနှင့် ကင်မွန်းခြံ၊ အနောက်ခြမ်း၌ ခရမ်းနှင့် မောင်းမ စသည်တို့ကို ကတ္တရာကားလမ်းမကြီး ရှိနေပြီဖြစ်သလို ထိုလမ်းမကြီးတစ်လျှောက် လျှပ်စစ်မီးတိုင်များ စိုက်ထူနေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ (ထိုကားလမ်းနှင့် လျှပ်စစ်မီးများ သွယ်တန်းထွန်းပေးမည့် အစီအစဉ်ကို သီးခြားရေးသားတင်ပြသွားပါမည်။)

ကျွန်တော်တို့ ဆက်လက်၍ အုန်းပင်ကျေးရွာမှ ကင်မွန်းခြံကျေးရွာ ရေထိန်းတံခါး တည်ရှိရာသို့ ကင်မွန်းခြံချောင်းအတိုင်း ပဲ့ထောင်မော်တော်ကလေးနှင့် ထွက်ခွာလာရာ ကင်ပွန်းခြံချောင်း ရေဆွဲအားကောင်းမှု၊ ပဲ့ထောင်မော်တော်ကလေး၏ စက်ဆွဲအားကောင်းမှု နှစ်ခုပေါင်းစပ်မှုကြောင့် ကင်မွန်းခြံရေထိန်းတံခါးသို့ ခဏကလေးအတွင်း ရောက်ရှိသွားကြသည်။

ကင်မွန်းခြံရေထိန်းတံခါး တည်ရှိရာနေရာသည် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာအနီး မြေပုံအညွှန်း တစ်လက်မ-တစ်မိုင် (၉၄ D/ ၁၃၆၅၁၈) တွင်တည်ရှိပြီး ခရမ်းမြို့နယ် အရှေ့ခြမ်းရှိ လယ်မြေဧက ၁၀၃၀၀ ဧကအား မိုးရာသီရေကြီးနစ်မြုပ်မှု ကာကွယ်ရန်၊ နွေရာသီတွင် ပင်လယ်ရေငန် ဝင်ရောက်မှုများ တားဆီးရန်၊ ဆောင်းသီးနှံနှင့် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆည်မြောင်းဝန်ကြီးဌာနမှ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ရေဆင်းဧရိယာမှာ ၁၉၅၀၀ ဧကရှိပြီး ရေတံခါးအရွယ်အစားမှာ ခြောက်ပေ၊ ရှစ်ပေ အကျယ် ရှစ်ပေါက်ရှိ သံကူကွန်ကရစ်ရေတံခါးဖြစ်သည်။ ရေခေါ်မြောင်းမကြီး အလျားပေ ၁၀၀၀ ဖြစ်ပြီး နွေစပါးဧက ၃၀၀ ကို အကျိုးပြုနိုင်သည်ဟု သိရသည်။

ထို့ကြောင့် ကင်မွန်းခြံရေထိန်းတံခါးသည် ခရမ်းမြို့နယ် အရှေ့ခြမ်းဒေသရှိ ရေကြီးရေလွှမ်းကွင်းများမှ မိုးရာသီ ပိုလျှံရေများ ထုတ်ပေးခြင်းနှင့် မုတ္တမပင်လယ်မှ ရေငန်များ မဝင်ရောက်စေရန် တားဆီးခြင်း၊ မိုးနှောင်းကာလ ရေခန်းချိန်တွင် ရေချိုများ သိုလှောင်ထားရှိပြီး မိုးစပါးအတွက် အောင်ရေပေးဝေခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကင်မွန်းခြံချောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအကျိုးကို သယ်ပိုးလျက်ရှိနေပါတော့သည်။

မြိတ်အကျဉ်းထောင် ဇာတ်တိုက်လေ့ကျင့်

မြိတ် စက်တင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အကျဉ်းထောင်ဦးစီးဌာနမှ ကြီးမှူး၍ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားတစ်ရပ်ကို အကျဉ်းထောင်၌ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ရွှေညာမောင်နှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ အင်အား ၄၅ ဦး၊ သန္တေမီးသတ်ဦးစီးမှ ခရိုင်ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်း(၃)မှ ဒုတပ်ရင်းမှူး ဦးကြံအောင်နှင့် အင်အား ၅၉ ဦး၊ အကျဉ်းဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းနှင့် အကြပ်တပ်သားအင်အား ၄၅ ဦး စုစုပေါင်းအင်အား ၁၄၉ ဦး ပူးပေါင်းပါဝင်လျက် သဘာဝဘေးအန္တရာယ်နှင့် ကျရောက်လာမည့် အန္တရာယ်များကို ထိန်းသိမ်းနိုင်ရန် အကျဉ်းထောင်အတွင်း ဇာတ်တိုက်လေ့ကျင့်မှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(၂၇၈)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် (၁၃) စင်တီမီတာ(၀ ဒသမ ၄ ပေခန့်)တွင် ရောက်ရှိနေပြီး နောက် (၄၈) နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဥက္ကံမြို့၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် အသိပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၂၃ ရက်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပရာ ရန်ကုန်အနောက်ပိုင်း မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်မျိုးကြည်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများ၊ Dextrommethorpham Hbr ပါဝင်သည့် အိမ်သုံးဆေးဝါးများဖြစ်သော Rodilar, Romilar, Rotuss, Atussian စသည့် ချောင်းဆိုးပျောက်ဆေးနှင့် အိမ်သုံးပစ္စည်းများဖြစ်သော အက်စစ်သုံးမျိုးနှင့် ရော်ဘာပြား၊ ကော်မှုန့်တို့ ရောစပ်ထားသည့်ကော်ဘူးတို့ကို မူးယစ်ဆေးဝါးများအသွင် အလွဲမသုံးကြရေး ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးမြင့်စိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် ဝန်ထမ်းများ၊ တိုက်ကြီးမြို့နယ် တရားသူကြီး ဦးထွန်းကြည်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မြင့်မြင့်အေး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဝင်း၊ တိုက်နယ်ဆရာဝန်ဒေါက်တာ ချယ်ရီကျော်မြင့်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးဥက္ကဋ္ဌ ဦးလှတင်၊ ဥက္ကံမြို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိ မြို့ဖများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းရနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၈၂ ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် မြို့နယ်သတင်းများ တစ်စိုက်မတ်မတ် ရေးလာခဲ့သော တာမွေမြို့နယ်သတင်းထောက် ဦးအုန်းကျော် (၆၂) နှစ်သည် စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီက တောင်ဥက္ကလာပမြို့နယ် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားခဲ့ရာ မြို့နယ်သတင်းထောက်များလူမှုရေးအဖွဲ့မှ ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏နေအိမ်သို့ သွားရောက်၍ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဝင်းနှင့် မိသားစုထံ ထောက်ပံ့ငွေကျပ် ၁၈၀၀၀၀ ကို ပေးအပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

Junction Cineplex — ၃၀ . ၈ . ၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)

Junction Square (Ph - 01 527 055)

Film	Days	Times
The Mortal Instruments	Sun to Thu	10 : 00AM , 1 : 00PM , 4 : 00PM , 7 : 00PM
	Fri & Sat	10 : 00AM , 1 : 00PM , 4 : 00PM , 7 : 00PM , 9 : 30PM
[illegible]	Sun to Thu	10 : 00AM , 12 : 30PM , 3 : 30PM , 6 : 30PM
[illegible]	Fri & Sat	10 : 00AM , 12 : 30PM , 3 : 30PM , 6 : 30PM , 9 : 30PM

Junction Maw Tin (Ph - 01 225 244)

Film	Days	Times
The Mortal Instruments	Sun to Thu	10 : 00AM , 1 : 00PM , 4 : 00PM , 7 : 00PM
	Fri & Sat	10 : 00AM , 1 : 00PM , 4 : 00PM , 7 : 00PM , 9 : 30PM
[illegible]	Sun to Thu	10 : 00AM , 12 : 30PM , 3 : 30PM , 6 : 30PM
	Fri & Sat	10 : 00AM , 12 : 30PM , 3 : 30PM , 6 : 30PM , 9 : 30PM

Junction Nay Pyi Taw (Ph - 067 421 615)

Film	Days	Times
[illegible] -၂	Daily	10 : 30AM , 1 : 30PM , 4 : 30PM , 7 : 30PM

The Mortal Instruments

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၉-၂၀၁၃ (တနင်္လာနေ့)

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၄၅	မှတ်တမ်း
၈း၀၀	မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀	ရွှေးဟောင်းသုတ
၈း၃၅	ဇာတ်လမ်းတို
၄း၃၅	ဇာတ်လမ်းတို
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်စံအိမ်" (ဒုတိယတွဲ) (အပိုင်း-၂၆)
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ချိုမြိန်သောဘဝ" (အပိုင်း-၄၃) -ကြယ်ကလေးရဲ့ ဂီတမိုးကောင်းကင် -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ကိုယ်ယုံကြည်သော ချစ်ခြင်းဖြင့်" (အပိုင်း-၃၁)

မြန်မာယူ-၂၃ အသင်း ဂိုးပြတ်နိုင်

ရန်ကုန် စက်တင်ဘာ ၁

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၂၃ အသင်းတို့သည် ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားရာ မြန်မာ ယူ-၂၃ အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းမှ ကျော်ဇေယျာဝင်း၏ ထိုးဖောက်မှုကို လက်ရွေးစင်ဂိုးသမား ကျော်ဇင်ထက် ကာကွယ်နေစဉ်။

မြန်မာယူ-၂၃ အသင်း - သုံးဂိုး

(ကျော်ကိုကိုနှင့် ကောင်းစည်သူ-တစ်ဂိုးစီ၊ လက်ရွေးစင်မှ ဇော်ဇော်ဦး ကိုယ့်ဂိုးကိုယ်သွင်း)

မြန်မာ့လက်ရွေးစင် - ဂိုးမရှိ

မြန်မာ ယူ-၂၃ အသင်းမှာ ပထမပိုင်းတွင် ကစားပုံထင်သလောက်မကောင်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ခြေစွမ်းပြကာ အနိုင်ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ပထမပိုင်းတွင် အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ကစားအားကျခဲ့သောကြောင့် ဂိုးများပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းမှာ ပွဲထွက်လူစာရင်းကိုအနည်းငယ်အပြောင်းအလဲလုပ်ထားပြီး ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ ဇော်မင်းထွန်းတို့ပါဝင်လာသော်လည်း ကြည်လင်းနှင့် ကောင်းစည်သူတို့ကို ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။ ဦးဆန်းဝင်းကိုင်တွယ်လာသည့် မြန်မာ့လက်ရွေးစင်အသင်းမှာလည်း ရန်ပိုင်၊ ခင်မောင်လွင်၊ ရာဇာဝင်းသိန်း၊ သီဟစည်သူ၊ ပိုင်စိုးတို့ဖြင့် လူစုံပါဝင်ခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းအတွက် အနိုင်ဂိုးများကို ၆၆ မိနစ်တွင် ကျော်ကိုကို၊ ၈၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကောင်းစည်သူတို့က သွင်းယူခဲ့ပြီး ဒုတိယဂိုးမှာ လက်ရွေးစင်နောက်ခံလူ ဇော်ဇော်ဦးက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ ချစ်ကိုကို

အလယ်ပိုင်းဒေသများတွင် မိုးပိုနေမည်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့နံနက်၉နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ် လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နောင်ချိုမြို့နှင့် အမ်းမြို့တို့တွင် ၃ ဒသမ ၄၆ လက်မစီ၊ လှိုင်ကော်မြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မာန်အောင်မြို့နှင့် မလှိုင် (စိုက်ပျိုးရေး)တို့တွင် ၂ ဒသမ ၆၈ လက်မစီ၊ သံတွဲမြို့တွင် ၂ ဒသမ ၅၆ လက်မနှင့် နွားထိုးကြီးမြို့တွင် ၂ ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးပိုနေမည်။

ကော့သောင်းမြို့တွင် ရန်ကုန်ကုန်းလမ်းပိုင်းမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများအား Mobile Team အဖွဲ့မှ ဆောင်ရွက်မည့်လုပ်ငန်းများ အသိပေးရှင်းလင်း

ကော့သောင်း စက်တင်ဘာ ၁

ကော့သောင်းမြို့ ကုန်သည်ကြီးများအသင်းခန်းမ၌ ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့သို့ ကုန်းလမ်းပိုင်းမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများအား Mobile Team အဖွဲ့မှ ဆောင်ရွက်မည့် လုပ်ငန်းများ အသိပေးရှင်းလင်းပွဲပြုလုပ်သည်။

အဆိုပါ ရှင်းလင်းပွဲတွင် ကော့သောင်းမြို့နယ် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်အေးက ရှင်းလင်းအသိပေး ပြောကြားသည်။ ပြောကြားရာတွင် ရန်ကုန်ဆိပ်ကမ်းများမှ သင်္ဘောပါ ကုန်ပစ္စည်းများ စာရင်းချုပ်နှင့်လိုအပ်သည့် လိုင်စင် (ID) အထောက်အထားများ အစစ်အဆေးခံယူရန် ဆောင်ရွက်နေသည့် ပညာပေးကာလမှာ ဩဂုတ် ၃၁ ရက်တွင် ကုန်ဆုံးပြီဖြစ်ပြီး စက်တင်ဘာ ၁ ရက်မှ စတင်ကာ အရေးယူကာလဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်းလမ်းပိုင်းမှ ဝင်ရောက်လာသည့် ကုန်ကားများကို ဂိတ်လေးနေရာတွင် တားဆီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ လိုင်စင်မူရင်းနှင့် မိတ္တူများကို အကောက်ခွန်ဌာနများတွင် လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ ရန်ကုန်မှ အခြားမြို့များသို့ သယ်ဆောင်ရာတွင် မော်တော်ယာဉ် အပြောင်းအလွှဲအတွက် နီးစပ်ရာအကောက်ခွန်ဌာနများတွင် လက်မှတ်ရေးထိုးရန် လိုအပ်ကြောင်း၊ လိုင်စင် (ID) ထက် ပိုမိုတင်ဆောင်မှု၊ ကုန်ပစ္စည်းအမယ်ကွဲလွဲမှုများ မဖြစ်ပေါ်စေရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကုန်သည်များက သိလိုသည်များနှင့် မရှင်းလင်းသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာအတွင်းပါဝင်သော လယ်ယာမြေနှင့် နှစ်ရှည်သီးနှံပင်လျော်ကြေးများပေးအပ်

မုံရွာ စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ ငွေသာခန်းမနှင့် ဆည်တည်း-ဇီးတော ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီထိ မြို့နယ်မြေယာလျော်ကြေးအဖွဲ့မှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာအတွင်း တုံ၊ ဖောင်းကတာ၊ မိုးကြိုးပြင်ကျေးရွာများမှ မြေသိမ်းခံ တောင်သူ များ၏ နှစ်ရှည်သီးနှံပင်များဖြစ်သည့် ထန်းပင်၊ ဆီးပင်၊ သရက်ပင်နှင့် သနပ်ခါးပင်များအတွက် လျော်ကြေးငွေများအား ဆက်လက်ပေးအပ်လျက်ရှိသည်။

ယင်းသို့ပေးအပ်ရာတွင် တောင်သူတစ်ဦး၏ ထန်းပင် ၄၉ ပင်အတွက် စုစုပေါင်းလျော်ကြေးငွေ ၂၄၅၀၀၀၀ ပေးအပ်ခဲ့သည်။ ဇွန် ၂၄ ရက်မှ ဩဂုတ် ၂၉ ရက်ထိ နှစ်ရှည်သီးနှံပင်လျော်ကြေးပေးအပ်မှုအခြေအနေမှာ တောင်သူ ၅၃၉ ဦး၏ ထန်းပင် ၂၆၀၁၉ ပင်၊ သရက်ပင် ၂၀၀၊ ဆီးပင် ၈၁၄ ပင်နှင့် သနပ်ခါး ၁၀၄၃ ပင်တို့အတွက် လျော်ကြေးငွေစုစုပေါင်း ၁၅၃၈၃၀၀၀၀ ပေးအပ်ပြီးဖြစ်သည်။ မြေယာလျော်ကြေးအဖြစ် တုံ၊ ဇီးတောကျေးရွာများမှ တောင်သူနှစ်ဦး၏ လယ်ယာမြေ ၂ ဒသမ ၉၄ ဧကအတွက် လျော်ကြေးငွေ ၁၉၈၀၀၀ ပေးအပ်ခဲ့သည်။ မတ် ၁၆ ရက်မှ ဩဂုတ် ၂၉ ရက်ထိ မြေယာလျော်ကြေးငွေပေးအပ်မှုအခြေအနေမှာ ကွင်းပေါင်း ၂၁ ကွင်းမှ တောင်သူ ၁၁၂၇ ဦးကို လယ်ယာမြေ ၂၉၈၂ ဒသမ ၀၈ ဧကအတွက် လျော်ကြေးငွေစုစုပေါင်း ၃၀၈၂၀၀၄၀၀၀ ပေးအပ်ပြီးဖြစ်ကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

တရားမဝင်အနှိပ်ခန်း ဖွင့်လှစ်လုပ်ကိုင်သူများအား တရားရုံးမှပြစ်ဒဏ်ချမှတ်

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၂၈ ရက် ည ၁၁ နာရီခွဲခန့်တွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြိုင်သာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်ရှိ မ. . ၏နေအိမ်တွင် အမျိုးသမီးငယ်များဖြင့် တရားမဝင်အနှိပ်ခန်းပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အမျိုးသမီး ငါးဦးနှင့် အနှိပ်ခန်းပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် အနှိပ်ခန်းပြုလုပ်သူ မ. . . . . ပါ ခြောက်ဦးအား ပြစ်မှုပုဒ်မ ၁၈၈ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး သက်သေခံပစ္စည်းများနှင့်အတူ မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မြို့နယ်တရားရုံးမှ မ. . . အား ထောင်ဒဏ် ၁၅ ရက်နှင့် အခြားအမျိုးသမီး ငါးဦးအား ထောင်ဒဏ်ခုနစ်ရက် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

မွန်ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသန္တရဗဟုသုတများကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

NOK mini လေယာဉ်သည် မော်လမြိုင်လေဆိပ်တွင် ခေတ္တရပ်နားပြီးနောက် ဂျပန်နိုင်ငံသားခရီးသည်တစ်ဦးကို တင်ဆောင်ကာ မဲဆောက်သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

အဆိုပါ မဲဆောက်-မော်လမြိုင် -မဲဆောက်ခရီးစဉ်ကို နေ့စဉ်ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ပြီး လေယာဉ်အမျိုးအစားမှာ ခရီးသည် ၃၄ ဦးဝင် ဆွီဒင်နိုင်ငံလုပ် SAAB အမျိုးအစားဖြစ်ကြောင်း သိရသည်။ **(၆၉၄)**

ဘိန်းမျိုးစေ့၊ ဘိန်းစိမ်း၊ ဘိန်းရှူကိရိယာနှင့် တူမီးသေနတ်များ ဖမ်းဆီးရမိ

မိုင်းဆတ် စက်တင်ဘာ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၌ ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နယ်မြေခံတပ်ရင်းမှူးဦးစီး စစ်ကြောင်းစစ်ကွပ်ကဲရေးတပ်စိတ် တစ်စိတ်သည် မယ်ကြုတ်ပြည်သူ့စစ် ၁၀ ဦးဖြင့် စစ်ဆင်ရေးနယ်မြေအတွင်း နယ်မြေဖြန့်ခွဲရှင်းလင်းရာတွင် ထိုင်းနိုင်ငံသားတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရပြီး ရှာဖွေရာ ဘိန်းမျိုးစေ့ ၆ ဒသမ ၅ ကီလိုဂရမ်အားလည်းကောင်း၊ ဘိန်းစိမ်း ၁၅၇ ဂရမ်အားလည်းကောင်း၊ ဝါးဖြင့်ပြုလုပ်ထားသော ဘိန်းရှူကိရိယာနှစ်ခုနှင့်အတူ တူမီးသေနတ်သုံးလက်တို့ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ နယ်မြေခံတပ်ရင်းမှူး ဦးစီးစစ်ကြောင်းစစ်ကွပ်ကဲရေးတပ်စိတ်တစ်စိတ်သည် မိုင်းဆတ်ခရိုင် မယ်ကြုတ်ပြည်သူ့စစ် ၁၀ ဦးဖြင့် စစ်ဆင်ရေးနယ်မြေအတွင်း နယ်မြေဖြန့်ခွဲရှင်းလင်းရာ (ခမ မပည NC -၅၀၀၅၅၀) နေရာတွင် မသင်္ကာဖွယ် တဲတစ်လုံးတွေ့ရှိသဖြင့် ဝင်ရောက်ရှာဖွေရာ တဲအတွင်း ပေါလ် (ထိုင်းနိုင်ငံသား) အား တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ၁ ဒသမ ၅ လီတာဆံ့ ပလတ်စတစ်ဘူးခြောက်ဘူးနှင့် တစ်ဂါလန်ဆံ့ ပလတ်စတစ်ပုံး တစ်ပုံးအတွင်း ထည့်လျက် ဘိန်းမျိုးစေ့ ၆ ဒသမ ၅ ကီလိုဂရမ်အားလည်းကောင်း၊ ပလတ်စတစ်အိတ်နှစ်အိတ်ဖြင့် ထည့်လျက် ဘိန်းစိမ်း ၁၅၇ ဂရမ် ကာလတန်ဖိုး တစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၁၅၇၀၀၀ အားလည်းကောင်း၊ ဝါးဖြင့်ပြုလုပ်ထားသော ဘိန်းရှူကိရိယာနှစ်ခုနှင့် တူမီးသေနတ် သုံးလက်တို့အားလည်းကောင်း တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက် ည ၈ နာရီတွင် နယ်မြေခံတပ်ရင်းမှူး၏ ညွှန်ကြားချက်အရ ခမရ(၃၅၉)မှ ဗိုလ်နေမျိုးအောင်သည် သက်သေခံပစ္စည်းများနှင့် တရားခံအား တာချီလိတ် (မူးယစ်)သို့ ထောက်(၄)ကြိမ် ပြေစာဖြင့် လာရောက်လွှဲပြောင်းပေးအပ်သဖြင့် ဒု-ရဲအုပ်မင်းမင်းထွန်းက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **မော်ကြီး (တြိဂံနယ်မြေ)**

✻ **မော်တော်ယာဉ်များမှ**

ထုတ်လုပ်မှုတိုးတက်တည်တံ့ရေးအတွက် ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကသို့ နှစ်တိုနှစ်ရှည်ငှားရမ်းခြင်းများကို ဆောင်ရွက်သွားရန် မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းစိန်မြို့နယ်ရှိ အဆင့်မြင့် မီးခံအုတ်စက်ရုံ(တည်းကုန်း)သို့ သွားရောက်ရာ အစည်းအဝေးခန်းမ၌ ဒုတိယအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူတို့က ရိုးရိုးမီးခံအုတ်နှင့် အထူးမီးခံအုတ် ထုတ်လုပ်မှုနည်းစဉ်များ၊ အပေါ့စား သဲကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံ သဲကွန်ကရစ်အုတ် ထုတ်လုပ်နိုင်ရေး အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက Construction လောကတွင် တစ်ခေတ် ဆန်းသစ်စေမည့် အဆင့်မြင့်နည်းပညာသစ်များဖြင့် ထုတ်လုပ်မည့် အပေါ့စား သဲကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံ သဲကွန်ကရစ်အုတ်များ ထုတ်လုပ်ရေးကို ဂုဏ်ယူကြိုဆိုပါကြောင်း၊ စီမံကိန်းလုပ်… ကာလအတွင်း… အကောင်အ… ကြောင်း၊ မိ… ပြည်သူများ… Marketing နှ… ကျယ်ကျယ်ပြန့်… လိုကြောင်း… အတွင်း စစ်ဆေ…

အပေါ့စား… များသည် ပေါ့… လုံခြင်း၊ အ… အထပ်မြင့်အဆေ… ပိုမိုသင့်တော်… သဲကွန်ကရစ်အ… မြေအုတ်ထက်… သဖြင့် အထပ်… များ၏ အခြေ… အထူးသင့်တော… နမ်၊ ထိုင်း၊ အ… နိုင်ငံတို့တွင်… နေကြောင်း၊… တည်းကုန်း၌… ဖော့ကန်၌ စ… ဆောက်လျက်ရှိ…

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးမှ…

နေပြည်တော် စက်တင်ဘာ …

ဩဂုတ် ၃၁ ရက် နံနက် ၈နာရီက ရှမ်းပြည်နယ် … အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေမျာ… ရပ်ကွက်(၅) နယ်မြေ(၁၃) နတ်စင်လမ်းနေ မော်ရွှေ… နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ … သည့် ကြွပ်ကြွပ်အိတ်အတွင်းမှ 88 နှင့် 1 စာတန်းတ… စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၅ ပြား တွေ့ရှိသိမ်းဆည်… ကျောင်းအား လားရှိုးမြို့မရဲစခန်းက မယ(ပ) ၁၃၈/၂… နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ … (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသ…

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲက တာချီ… အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများ… မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်ပူးပေါင်းစစ်ဆေးရေးစ… တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝမ်တုံကျေးရွာ… နှစ် မောင်းနှင်လာသည့် ၄၇/--- တိုယိုတာဒိုင်နာယာဉ်… ခဲ့သည်။ ထိုသို့စစ်ဆေးရာ ယာဉ်နောက်ဘော်ဒီကြမ်း… အတွင်းမှ လျှို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွ… ၈၄ သိန်း တန်ဖိုးငွေကျပ် ၁၉၆၈ သန်းတို့အား တွေ့ရှိသ… ဆက်လက်၍ မိုင်းဖုန်း(ခ)အုပ်စု ဝမ်တုံကျေးရွာရှိ … ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ အမေရိ… အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အ… ဆေးပြားများအား တာချီလိတ်မြို့နယ် မိုင်းကိုးကျေး… ရွာနေ အိုက်စံသည် တာချီလိတ်မြို့နယ် တော်ကော့အ… များ ထည့်သွင်းထားသည့်ကားအား မိုင်းဖုံး(ခ)အုပ်စု … ထိုင်းဘတ်ငွေ ၁၀ သိန်းဖြင့် ပို့ဆောင်ခိုင်းကြောင်း… အိုက်စံတို့နှစ်ဦးအား တာချီလိတ်မြို့မ ရဲစခန်းက မ… မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါ… ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေး… သည်။

ကော့သောင်း၌ ဘိန်းစာမှုန့်များနှင့် လက်လုပ်သေန…

နေပြည်တော် စက်တင်ဘာ

ဩဂုတ် ၃၁ ရက် နံနက် ၇ နာရီက တန… ကော့သောင်းမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်မျာ… သက်သေများနှင့်အတူ ကော့သောင်းမြို့နယ် ဘန်… သိန်းဇော်(ခ)လားပု (၂၉)နှစ်၏နေအိမ်အား ဝင်ရောက်… ရှာဖွေရာ သိန်းဇော်(ခ) လားပုမှာ ထွက်ပြေးသွားက… အေးမြကန်သာရပ်ကွက် အင်းယားမြိုင်လမ်းသွယ်နေ… မျိုးမျိုး(၂၅)နှစ်အား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွ… ဂရမ်၊ တူမီးသေနတ် တစ်လက်၊ လုပ်သေနတ် တစ်လ… လေးတောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် အေ… နှင့် သိန်းဇော်(ခ)လားပုတို့ နှစ်ဦးအား ကော့သေ… မယ (ပ)၄၀/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်… များဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၂(ခ)/၂၁ ဖြ… ထားကြောင်း သတင်းရရှိသည်။

✻ မော်တော်ယာဉ်များမှ ထုတ်လုပ်မှုတိုးတက်တည်တံ့ရေး အတွက် ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင် ရွက်ခြင်းနှင့် ပုဂ္ဂလိကသို့ နှစ်တို နှစ်ရှည်ငှားရမ်းခြင်းများကို ဆောင် ရွက်သွားရန် မှာကြားပြီး စက်ရုံ အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းစိန်မြို့နယ်ရှိ အဆင့်မြင့် မီးခံအုတ်စက်ရုံ(တညင်း ကုန်း)သို့ သွားရောက်ရာ အစည်း အဝေးခန်းမ၌ ဒုတိယအထွေထွေ မန်နေဂျာနှင့် တာဝန်ရှိသူတို့က ရိုးရိုးမီးခံအုတ်နှင့် အထူးမီးခံအုတ် ထုတ်လုပ်မှုနည်းစဉ်များ၊ အပေါ့စား သဲကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံ သဲကွန်ကရစ်အုတ် ထုတ်လုပ်နိုင်ရေး အချက်အလက်များကို ရှင်းလင်း တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက Construction လောကတွင် တစ်ခေတ် ဆန်းသစ်စေမည့် အဆင့်မြင့်နည်းပညာသစ်များဖြင့် ထုတ်လုပ်မည့် အပေါ့စား သဲကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံ သဲကွန်ကရစ်အုတ်များ ထုတ်လုပ် ရေးကို ဂုဏ်ယူကြိုဆိုပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ် ကာလအတွင်း ပြီးစီးရေး ကြိုးစား အကောင်အထည်ဖော်ကြစေလို ကြောင်း၊ မိမိတို့ထုတ်ကုန်များ ပြည်သူများ သိရှိနိုင်စေရေး Marketing နှင့် Media အပိုင်းကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသွားရန် လိုကြောင်း မှာကြားပြီး စက်ရုံ အတွင်း စစ်ဆေးသည်။

အပေါ့စား သဲကွန်ကရစ်အုတ်များသည် ပေါ့ပါးခိုင်မာခြင်း၊ အသံလုံခြင်း၊ အပူခံခြင်းတို့ကြောင့် အထပ်မြင့်အဆောက်အအုံများတွင် ပိုမိုသင့်တော်ပြီး ဖိအားမြင့်ခံ သဲကွန်ကရစ်အုတ်များမှာ သာမန် မြေအုတ်ထက် ဖိအားပိုမိုခံနိုင် သဖြင့် အထပ်မြင့်အဆောက်အအုံ များ၏ အခြေခံအုတ်မြစ်အတွက် အထူးသင့်တော်ရာ တရုတ်၊ ဗီယက် နမ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် အိန္ဒိယ နိုင်ငံတို့တွင် တွင်ကျယ်စွာအသုံးပြု နေကြောင်း၊ အဆိုပါ စက်ရုံများကို တညင်းကုန်း၌ စက်ရုံ တစ်ရုံ၊ ဖော့ကန်၌ စက်ရုံ နှစ်ရုံ တည် ဆောက်လျက်ရှိရာ စက်ရုံအဆောက် အအုံများနှင့် စက်ပစ္စည်းများ တပ်ဆင်မှု ၆၀ ရာခိုင်နှုန်းခန့် ပြီးစီး နေပြီဖြစ်ကြောင်းနှင့် စက်ရုံအားလုံး တည်ဆောက် ပြီးစီးသွားပါက တစ်နှစ်လျှင် အပေါ့စား သဲ ကွန်ကရစ်အုတ် ၂၂၅ သန်းခန့်နှင့် ဖိအားမြင့်ခံ သဲကွန်ကရစ်အုတ် သန်း ၉၀ ခန့်ကို ထုတ်လုပ်ပေးသွား နိုင်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် အမှတ်(၁) ဆေးဝါး စက်ရုံ(ရန်ကုန်)၏ ဝန်ထမ်းအိမ်ရာ များ၊ ရန်ကုန်-အင်းစိန်လမ်းရှိ ပြင်ထိန်းဂိုဒေါင်များ၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)ရှိ ပုလင်းဖုံး ဌာနခွဲနှင့် ပုံနှိပ်ဌာနခွဲတို့ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၃၁ ရက် နံနက် ၈နာရီက ရှမ်းပြည်နယ် လားရှိုးမူးယစ်(အထူး) အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁၃) နတ်စင်လမ်းနေ မော်ရွှေကျောင်း (၄၆)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ၎င်းကိုင်ဆောင်ထား သည့် ကြွပ်ကြွပ်အိတ်အတွင်းမှ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၅ ပြား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မော်ရွှေ ကျောင်းအား လားရှိုးမြို့မရဲစခန်းက မယ(ပ) ၁၃၈/၂၀၁၃၊ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲက တာချီလိတ်မူးယစ်(အထူး) အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ် မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တာချီလိတ်မှ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝမ်တုံကျေးရွာနေ အိုက်အွမ်(၃၀) နှစ် မောင်းနှင်လာသည့် ၄ဂ/--- တိုယိုတာဒိုင်နာယာဉ်အား ရပ်တန့်စစ်ဆေး ခဲ့သည်။ ထိုသို့စစ်ဆေးရာ ယာဉ်နောက်ဘော်ဒီကြမ်းခင်း နှစ်ထပ်အံဝှက် အတွင်းမှ လျှို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၈၄ သိန်း တန်ဖိုးငွေကျပ် ၁၉၆၈ သန်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ မိုင်းဖုန်း(ခ)အုပ်စု ဝမ်တုံကျေးရွာရှိ ၎င်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ အမေရိကန်ဒေါ်လာ ၂၆၈၀၀ အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ ဖမ်းဆီးရမိစိတ်ကြွ ဆေးပြားများအား တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု စီဝမ်း(၁) ရွာနေ အိုက်စံသည် တာချီလိတ်မြို့နယ် တော်ကော့အတွင်းရွာမှ ဆေးပြား များ ထည့်သွင်းထားသည့်ကားအား မိုင်းဖုံး(ခ)အုပ်စု လွန်းကျိုင်းကျေးရွာသို့ ထိုင်းဘတ်ငွေ ၁၀ သိန်းဖြင့် ပို့ဆောင်ခိုင်းကြောင်းသိရ၍ အိုက်အွမ်နှင့် အိုက်စံတို့နှစ်ဦးအား တာချီလိတ်မြို့မ ရဲစခန်းက မယ(ပ)၁၀၇/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။ **(သတင်းစဉ်)**

ကော့သောင်း၌ ဘိန်းစာမှုန့်များနှင့် လက်လုပ်သေနတ်များဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၃၁ ရက် နံနက် ၇ နာရီက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာနေ သိန်းဇော်(ခ)လားပု (၂၉)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ သိန်းဇော်(ခ) လားပုမှာ ထွက်ပြေးသွားကာ ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် အင်းယားမြိုင်လမ်းသွယ်နေ အောင်မျိုးမင်း(ခ) မျိုးမျိုး(၂၅)နှစ်အား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းစာမှုန့် ၅၀ ဂရမ်၊ တူမီးသေနတ် တစ်လက်၊ လုပ်သေနတ် တစ်လက်နှင့် ပွိုင့် ၂၂ ကျည် လေးတောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် အောင်မျိုးမင်း(ခ)မျိုးမျိုး နှင့် သိန်းဇော်(ခ)လားပုတို့ နှစ်ဦးအား ကော့သောင်းမြို့မရဲစခန်းက မယ (ပ)၄၀/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး များဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာသန့်ရှင်းရောဂါဘယကင်းသည့် အစားအသောက်များကိုသာ ရောင်းချ / စားသုံးကြမှသာ...

ဝင်းဝင်းဇော်
နန္ဒာဝင်း

ရန်ကုန်မြို့ လူစည်ကားရာနေရာများတွင် ဆိုင်ခန်းများဖြင့်ဖြစ်စေ၊ လမ်းဘေးလူသွားစင်္ကြံများတွင် ယာယီအမိုးအကာဖြင့်ဖြစ်စေ စားသောက် ကုန်များ ရောင်းချနေကြသည်ကို နေရာအနှံ့တွေ့နေရသည်။ အချို့ တည်ခင်းရောင်းချသော အစားအသောက်များမှာ သန့်ရှင်းမှုအားနည်းနေ သည်။ တရားဝင်ရောင်းချခွင့်လိုင်စင် တင်၊ မတင်၊ စားသောက်ကုန်အရည် အသွေး စံချိန်စံညွှန်း မီ၊ မမီ မသိ၊ ဈေးနှုန်းသက်သာမှုနှင့် လွယ်ကူမှုတို့ကြောင့် စားသုံးသူများက အလွယ်တကူပင် ဝယ်ယူစားသောက်နေကြသည်။

တိုးတက်လာသော မြို့လူဦးရေ၏ ဈေးကွက်လိုအပ်ချက်အရ စားသောက်ကုန်ရောင်းချဖွင့်လှစ်ထားသည့် ဆိုင်အရေအတွက်မှာ များစွာ ရှိလာသည်။ သို့သော် အများပြည်သူတို့ ကျန်းမာရေးအန္တရာယ်ကင်းရှင်း ကြောင်း အသိအမှတ်ပြုလက်မှတ်ရှိသည့် ဆိုင်အရေအတွက်မှာ တစ်သောင်း ဝန်းကျင်ခန့်သာရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် လမ်းဘေးဈေးဆိုင်များကို ညနေ ၃ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပြုပေးထားကြောင်း သိရသည်။

ပူနွေးသည့် စားသောက်ကုန် မဟုတ်သော အစားအစာများရောင်း ချရာတွင် ခြင်၊ ယင် မနားစေရန် ဖုံးအုပ်မထားခြင်း၊ အစားအစာ ကိုင်တွယ်သူများ သတ်မှတ်ဝတ်စုံ၊ လက်အိတ်နှင့် ကိုင်တွယ်သည့် ကိရိယာ အသုံးမပြုကြခြင်း၊ ဆီသန့် သုံးစွဲမှုနည်းခြင်း၊ ပန်းကန်ဆေးရန် ရေများများမသုံးခြင်း၊ ရေမသန့် ရှင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းများသည် အဆိုပါ ရောင်းချသည့် စားသောက်ကုန်များမသန့်ရှင်းရသည့် အဓိကအကြောင်း ပင်ဖြစ်သည်။

တာမွေဈေးရှေ့ ဆီချက်ခေါက်ဆွဲရောင်းသည့် ဆိုင်တစ်ဆိုင်တွင် ဈေးသည်အမျိုးသားက ခံထားသောမိုးရေများကို ရေမစစ်ဘဲ လောင်းထည့် လိုက်သည်။ ရေကျန်များနှင့် ပန်းကန်များကို ဆက်ဆေးနေပြီး ထိုရေပုံးနှင့်ပင် မိုးရေခံနေပြန်သည်ကို ရုတ်တရက်တွေ့လိုက်ရခြင်းကို "သန့်ရှင်းရေးကို ဂရုမစိုက်ဘဲ လမ်းသွားရင်း အဆာပြေအောင် အလွယ်တကူ ဝယ်စားနေကြ ရတယ်။ ဈေးသည်တွေက ငွေရဖို့ တစ်ခုတည်းကိုမကြည့်ဘဲ စားသုံးသူ တွေရဲ့ ကျန်းမာရေးကိုလည်း ထည့်တွက်သင့်ပါတယ်"ဟု အသက်(၃၅)နှစ် အရွယ်ရှိ မဝါဝါက ပြောသည်။

"အချို့စားသောက်ဆိုင်များဟာ လမ်းဘေးတွင်ဖြစ်ပြီး ယင်ကောင် တလောင်းလောင်း၊ ရေမြောင်းပုပ်တွေ အနီးမှာ ရှိနေတယ်။ အစား အသောက်ကိုင်တွယ်သူတွေက ပိုက်ဆံကိုင်လိုက်၊ အစားအစာကိုင်လိုက် လုပ်တတ်ကြလို့ ရောဂါဖြစ်ပွားနိုင်ပါတယ်။ ငွေစက္ကူအဟောင်းအနွမ်းတွေမှာ တီဘီရောဂါကိုဖြစ်စေတဲ့ ရောဂါပိုး၊ ဝမ်းပျက်ဝမ်းလျှောရောဂါကိုဖြစ်စေတဲ့ အီးကိုလိုင်ပိုးတွေနဲ့ အစာအိမ်နဲ့ အူလမ်းကြောင်းကို ကင်ဆာဖြစ်စေတဲ့ ဗက်တီးရီးယားပိုးတွေ ပါဝင်တယ်။ စားပြီးသားပန်းကန်တွေကို ဆေးတဲ့ အခါမှာလည်း ရေဇလုံတစ်ခုတည်း ထားတဲ့အတွက် အသည်းရောင် အသားဝါရောဂါတွေလည်း ဖြစ်စေနိုင်ပါတယ်" ဟု မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

အစိုးရရုံးများ၊ ကုမ္ပဏီများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရာ ရန်ကုန်မြို့တွင် ပြည်သူအများစုမှာ လိုင်းကားများဖြင့်သာ မဖြစ်မနေသွားလာ နေကြရသည်။ ကားကျပ်ခြင်း၊ ထမင်းချိုင့်အတွက် ပြင်ဆင်ချိန်ကုန်ကျခြင်း၊ သယ်ယူမှုခက်ခဲခြင်းတို့ကြောင့် ထမင်းကို နီးစပ်ရာဆိုင်များ၌ပင် အလွယ် တကူ ဝယ်ယူစားသောက်နေကြရသည်။ တစ်ခါတစ်ရံ နိုင်ငံခြားသား ခရီးသွားများပင် စားသောက်နေမှုများကို တွေ့မြင်ရသည်။

"ကျွန်တော်ကတော့ စားသုံးသူတွေ အန္တရာယ်ကင်းဖို့ကို ရှေးရှုပါတယ်။ အလွယ်တကူ စားသုံးနိုင်အောင်လည်း ကျန်းမာရေးနဲ့ညီညွတ်တဲ့ ထမင်းဘူး တွေကို အိမ်တိုင်ရာရောက် Home Service ပေးနေပါတယ်"ဟု တာမွေ မြို့နယ် ပြည့်စုံကောင်း ထမင်းဆိုင်ပိုင်ရှင်က ပြောသည်။

မသန့်ရှင်းသည့် အစားအစာတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ သန်ကောင်စွဲ ရောဂါတို့ ဖြစ်စေနိုင်သည့်အပြင် မကျက်တကျက်နှင့် နူးနပ်မှုမရှိသော ဝက်သား၊ အမဲသားအကင်များကို စားမိသဖြင့် သန်ပြားကောင်များ၏ သန်ဥ များသည် လူ၏အစာအိမ်မှတစ်ဆင့် ဦးနှောက်သို့ရောက်ရှိပြီး ဝက်ရူးပြန် ရောဂါကို ဖြစ်ပွားစေတတ်ကြောင်း၊ လမ်းဘေးတွင်ဖြစ်စေ၊ စားသောက်ဆိုင် များတွင်ဖြစ်စေ အစားအသောက်ပြင်ဆင်ရောင်းချသူသည် တစ်ကိုယ်ရေ သန့်ရှင်းမှုကို အလေးထားသင့်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ ကျန်းမာရေးဌာနမှ ဆရာဝန်တစ်ဦးက ပြောသည်။

ဗိုလ်တထောင် မြို့နယ်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် နံနက်စာ မုန့်ဟင်းခါးမှာထားစဉ် ဟင်းရေအိုးအနီးမှ ရပ်စောင့်နေသူ (၁၄၊ ၁၅) နှစ်အရွယ် စားပွဲထိုးလေးက ခေါင်းကုတ်နေပြီး လက်မဆေးဘဲ မုန့်ဟင်းခါးပန်းကန်ကို ကိုင်ကာ လာချပေးသည်ကို မြင်လိုက်ရ၍ "ကျွန်မဖြင့် စားရအခက်၊ ထားခဲ့ရ အခက်ပါပဲ"ဟု ထိုမြို့နယ်ရှိ ရုံးတစ်ရုံးမှအမျိုးသမီးဝန်ထမ်းတစ်ဦးက ပြော သည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းအနေဖြင့် အစားအသောက် ရောင်းချသည့် ဆိုင်များကို စစ်ဆေးပညာပေးဖို့ စီမံချက်ရေးဆွဲထားကြောင်း သိရသည်။ အစားအသောက်မသန့်ရှင်းမှုများကို တွေ့ရှိပါက စစ်ဆေး ပညာပေးမှုများ ပြုလုပ်မည်။ ပညာပေးကာလကျော်လွန်ပါက အမျိုးသား အစားအသောက်ဥပဒေဖြင့် အရေးယူနိုင်သည်။ ထို့ပြင် "အစားအသောက် တွေမှာ ဓာတုပစ္စည်းရောနှောရောင်းချမှုတွေကို တွေ့ရှိရင် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)အရ ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်သုံးသိန်းဖြစ်စေ၊ ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည့်ပြစ်ဒဏ်တွေရှိပါ တယ်"ဟု မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌက ပြောသည်။

လူသားတို့သည် အသက်ရှင်လှုပ်ရှားနေထိုင်ရန်အတွက် အစာ အာဟာရများကို မရှိမဖြစ် နေ့စဉ်မှီဝဲနေကြရသည်။ ထိုသို့စားသုံးနေကြရသည့် အစားအစာများသည် ရောဂါပိုးမွှားကင်းသည့် သန့်ရှင်းသောအစားအစာ ဖြစ်ရန် လိုအပ်သည်။ ထို့ကြောင့် အစားအသောက်ရောင်းချသူအချို့သည် မိမိတို့ဆိုင်မှ အစားအသောက်များအား အရည်အသွေးကောင်းမွန်စေရန် အတွက် တီထွင်ဆန်းသစ်မှုအပိုင်းကို စိတ်မဝင်စားဘဲ ပြင်ပအာရုံများကို စိတ်ဝင်စားနေခြင်းများကလည်း ရောင်းသူဝယ်သူတို့၏အကျိုးစီးပွားကို ဆုတ်ယုတ်စေနိုင်သည့် အကြောင်းများဖြစ်သည်။ ရောဂါကင်းပြီး ကျန်းမာ ပျော်ရွှင်သည့် လူ့ဘောင်သစ်တစ်ခုဖြစ်ရန် စီမံခန့်ခွဲရေး တာဝန်ရှိသူများ၊ ဈေးရောင်းချသူ များ၊ ဝယ်ယူစားသုံးသူများအားလုံးက တာဝန်ကိုယ်စီရယူကာ ကျန်းမာရေးအသိ၊ သတိဖြင့် ရှေ့သို့လှမ်းချီတည်ဆောက်ကြစေလိုကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီယက်နမ်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံ၏ (၆၈)နှစ်မြောက်အမျိုးသား နေ့အခါသမယ၌ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်ထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် စက်တင်ဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆု ဌာနခွဲ (၂၉၆)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ် လာသော ဆုကြီးများမှာ အောက် ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၁၅၀၀) ဆု
ဇ-၁၄၂၉၉၇

ကျပ်သိန်း(၁၀၀၀)ဆု
မ-၂၅၆၉၈၃

ကျပ်သိန်း(၅၀၀)ဆု
ဂ-၄၀၉၆၅၅

ကျပ်သိန်း(၃၀၀)ဆု
ခ-၃၄၃၁၀၉

ကျပ်သိန်း(၂၀၀)ဆုများ
ည-၃၀၅၃၅၃
ဋ-၇၆၆၉၈၆
ယ-၈၄၇၇၃၂
ပ-၁၉၉၈၄၁
ဋ-၄၈၄၇၆၀

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ဈ-၉၂၅၉၄၀
ကက-၉၉၂၉၃၉
ဈ-၇၂၇၄၃၉
ပ-၅၀၀၇၉၀
ဇ-၅၅၁၉၂၉
မ-၄၂၅၄၀၉
ဖ-၆၁၀၆၁၈
ဌ-၅၈၁၆၇၅
တ-၄၁၅၇၄၆
န-၆၈၅၂၇၀
ဇ-၅၉၁၀၂၄
က-၁၀၄၂၇၈
င-၉၁၂၆၇၂
ထ-၁၁၈၄၄၃
ဌ-၇၉၄၁၁၆
ဗ-၁၁၉၂၀၂

နှလုံးသားအလှ

မိုးဇော်

"ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ၊ ရှင်းစရာရှိရင် ရဲစခန်းရောက်မှရှင်း၊ ကဲ. . . ပြော ရဲစခန်းကို မောင်းပေးရမလား" ကျယ်လောင်တဲ့ယာဉ်နောက်လိုက်ရဲ့အသံကြောင့် ရန်ကုန်မြို့ ဆူးလေ-အောင်မင်္ဂလာ အဝေးပြေးယာဉ်လိုင်း တစ်စီးပေါ် ကျပ်တည်းစွာလိုက်ပါစီးနင်းရင်း အိပ်ငိုက်လာတဲ့ ကျွန်တော် ရုတ်တရက်မျက်လုံးဖွင့်ကြည့်လိုက်မိတယ်။

ကျွန်တော်စီးနင်းလာတဲ့ယာဉ်ပေါ်က အဖြစ်အပျက်တွေက မြို့ပြရဲ့သွားလာနေထိုင်မှုစနစ်တွေထဲက အလှတရားတစ်ခုကိုရေးသားဖို့ ကျွန်တော့်နှလုံးသားကို ပုံရိပ်ထင်ဟပ်လာစေခဲ့ပါတယ်။

မထင်မရှားနယ်မြို့လေးတစ်မြို့ကနေ ရန်ကုန်မြို့ကို သင်တန်းလာတက်ရင်း ရောက်နေတဲ့ကျွန်တော့်အဖို့ မြို့ကြီးပြကြီးရဲ့သွားလာနေထိုင်မှုတွေက အဆန်းတကြယ်ဖြစ်လို့နေပါတယ်။ နယ်မှာလို ကျယ်ဝန်းတဲ့ခြံ၊ သန့်ရှင်းလတ်ဆတ်တဲ့လေပြည်လေညင်းတွေနဲ့အတူ ပါလာတဲ့တောတောင်ရနံ့တွေကိုခံစားရှူရှိုက်ဖို့ ဘယ်နေရာကိုသွားရမလဲလို့ မေးရမလိုပါပဲ။ ရေးချင်တာက နှလုံးသားလှတဲ့လူတစ်ယောက်အကြောင်းပါ။

ကျွန်တော်တည်းခိုတဲ့နေရာကနေ သင်တန်းအထိ ကျပ်ညပ်တဲ့လိုင်းကားကိုစီးရင်း နေ့စဉ်သင်တန်းတက်သွားရတယ်။ တစ်နေ့ အောင်မင်္ဂလာအဝေးပြေးကားဝင်းကို အရေးကြီးစာတစ်စောင်သွားပို့ဖို့ အကြောင်းဖန်လာတယ်ဗျ။ ရန်ကုန်မှာ ယာဉ်ကြောတွေ ကျပ်တည်းတဲ့အကြောင်း၊ လိုင်းကားတွေအပေါ် တိုးဝှေ့စီးနင်းလိုက်ပါရတဲ့အကြောင်းတွေက အက်ဖ်အမ်ရေဒီယိုတွေ၊ ဂျာနယ်တွေနဲ့ စာစောင်တွေမှာ ဖတ်ဖူးကြားဖူးပြီးသား။

နံနက်စောစောသွားတာမို့ထင်ပါရဲ့ ယာဉ်ကြောကျပ်တာ၊ တိုးဝှေ့စီးနင်းရတာ မတွေ့ခဲ့ရပါဘူး။ စာပို့ပြီး ညနေပိုင်းလောက်မှာပဲ ဆူးလေမှာရှိတဲ့ကျွန်တော်တည်းတဲ့နေရာကို မနက်ပိုင်းကလို လိုင်းကားစီးပြီးပြန်ခဲ့တယ်။ အဲဒီမှာ ဆန္ဒနဲ့ ဘဝကြားက အလှတရားတစ်ခုကိုတွေ့ခဲ့ရတာဗျို့။

ရုံးဆင်းချိန်၊ အလုပ်သိမ်းချိန်မို့ထင်ပါရဲ့ ကားပေါ်မှာ များလိုက်တဲ့သူတွေ။ ကျွန်တော်အပါအဝင် ပြွတ်သိပ်ကျပ်ညပ်စွာလိုက်ပါစီးနင်းလာတဲ့ကြားက အနံ့အသက်မျိုးစုံ၊ အသံမျိုးစုံက ဆီးကြိုနေပါတယ်။ ခရီးဆုံးဆူးလေကို မြန်မြန်ရောက်ပါစေလို့ ဆုတောင်းမိတဲ့အထိပါပဲ။ "ဒီလောက်ကျပ်နေတဲ့ကြားထဲမှာဗျာ၊ နောက်ကိုတိုး နောက်ကိုတိုး၊ ရှေ့နည်းနည်းရွှေ့ပါဗျာ၊ ကားခလေးတွေ ရှင်းထားမယ် မသိချင်ယောင်ဆောင်မနေနဲ့နော်၊ "မှတ်တိုင်ရောက်တိုင်း ကားစပယ်ယာရဲ့အသံက အဆက်မပြတ်လှ။ "လိုင်းကားစီးပါတယ်ဆို ဒီလောက်တော့ရှိမှာပေါ့"ဆိုတဲ့ နှမချင်းမစာနာအသံက အရက်နံ့သင်းတဲ့ လုပ်သားတစ်ယောက်အသံပါလား။ "ဒါမျိုးဘယ်ရမလဲ"၊ "နှမချင်းကိုယ်ချင်းစာ"၊ "ရဲစခန်းရောက်သွားချင်လား"၊ "ဒီလိုမစီးချင်ရင် ကိုယ်ပိုင်ကားဝယ်စီးပေါ့"၊ မိန်းကလေးမို့ပေါ့ကွာ" စတဲ့ အပြန်အလှန်ကြိမ်းမောင်းသံတွေက တစ်ဖုံ၊ "ဘယ်လိုလူလဲကွာ၊ မြင်ရက်သားနဲ့" "ထိုးပစ်လိုက်ချင်တယ်" "ထိုးရဲထိုးကြည့်ပါလား" စတဲ့စကားသံတွေက တစ်မျိုး၊ "ကားဆရာ ပိုက်ဆံပြန်အမ်းဦးလေ" "အမ်းပြီးပြီမဟုတ်လား" "ဘယ်ကအမ်းရမှာလဲ၊ ပြန်မအမ်းရင် သက်ဆိုင်ရာကိုတိုင်မယ်ဟေ့" ဆိုတဲ့စကားသံတွေကတစ်ဖုံ၊ ကားတစ်စီးလုံး ပြဿနာကားကြီးလို့ထင်မိတယ်။ ခရီးဆုံးမရောက်ခင် ဘာတွေဘယ်လိုဆက်ဖြစ်ဦးမလဲ။ ရဲစခန်းပဲရောက်တော့မလားဆိုတဲ့ ခံစားမှုတွေနောက်ကျွန်တော် ဆက်မတွေးရဲလောက်အောင်ပါပဲ၊ အဲဒီအချိန်လေးမှာ-

"မြွေဗျ၊ မြွေ. . ဟ . . ဟ . . လုပ်ကြပါဦးဟ" ကျယ်လောင်စူးရှတဲ့ ယောကျ်ားတစ်ဦးရဲ့အသံကြောင့် ကားပေါ်လိုက်ပါလာသူတွေအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ ရန်လိုတဲ့အသံတွေ၊ အချေအတင်ပြောဆိုနေတဲ့ အသံတွေ ချက်ချင်းပျောက်ပြီး ငါ့အောက်မြွေရောက်လာမလားဆိုတဲ့အတွေးနဲ့ ခရီးသည်အားလုံး သူ့အောက်ကိုယ့်အောက် ကိုယ်စိုင့်ကြည့်ရှာဖွေနေကြတယ်။ ဒီလိုရှာနေတဲ့အထဲ ကျွန်တော်လည်းပါတာပေါ့။ "ခရီးသည်များဂိတ်ဆုံးပါပြီခင်ဗျာ" ဆိုတဲ့အသံကြောင့် ခရီးသည်တွေ လိုင်းကားပေါ်ကသာ ဆင်းသွားကြတယ်။ ဘယ်မြွေမှရှာမတွေ့ခဲ့ပါဘူး။ ကျွန်တော်လည်း ကိုယ့်ခရီးစဉ် ဘယ်လိုဆုံးလို့ ဘယ်လိုရောက်လာလဲတောင် မသိတော့။ ဒီလိုနဲ့ ဆင်းလိုက်တယ်၊ 'မြွေဗျ. . မြွေ' ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အသံက ဘယ်ကဘယ်လို ဘာကြောင့်ပေါ်ထွက်လာတာလဲ စဉ်းစားရင်း . . စဉ်းစားရင်း အဖြေတစ်ခုရလိုက်တယ်။ ဩော်-သူက ကားပေါ်က စိတ်ဒုက္ခရောက်နေသူတွေ၊ စိတ်ညစ်ညူးနေသူတွေကို စိတ်ထွက်ပေါက်ပေးလိုက်တာပါလား။ အကြံကောင်းလိုက်တဲ့ သူ့စေတနာ၊ သူ့မေတ္တာ၊သူ့စိတ်နှလုံးသားပါလား။ သူလိုလူတွေသာ နေရာအနှံ့ ကမ္ဘာအနှံ့မှာရှိခဲ့ရင်(သို့) သင့်ကိုတစ်စုံတစ်ဦးက ရုပ်အလှတရားနဲ့ စိတ်နှလုံးသားအလှတရား ဘယ်အရာ ပိုအရေးကြီးသလဲလို့များ ရွေးချယ်ခိုင်းခဲ့မယ်ဆိုရင်. . .။

လှိုင်သာယာ၌ စည်ပင်သာယာမြေတွင် ကျူးကျော်ဝင်ရောက်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဌာနပိုင်မြေ၊ ပလပ်မြေ၊ စားကျက်မြေ၊ လယ်ယာမြေများအတွင်း တရားမဝင်လူနေအိမ်များ ကျူးကျော်ဆောက်လုပ်ခြင်းမပြုရန် မြို့နယ်အဆင့် တာဝန်ရှိသူများက အသိပေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်နေသော်လည်း လှိုင်သာယာမြို့နယ် အမှတ်(၁၂)ရပ်ကွက် ပဲခူး(၄)လမ်းနှင့်(၅)လမ်းကြားရှိ စည်ပင်သာယာပိုင်မြေကွက်လပ်တွင် ဩဂုတ် ၃၀ ရက်က ကံလှကျေးရွာနေ ဦးမြတ် မင်းနှင့် အပေါင်းပါ ရှစ်ဦးတို့သည် နံနက် ၈ နာရီမှစတင်၍ ယင်းမြေကွက်ပေါ်တွင် ခြံစည်းရိုးကျောက်တိုင်များလာရောက်စိုက်ထူနေသည်ကိုတွေ့ရှိရ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ တာဝန်ရှိသူများထံသို့ သတင်းပေးပို့ခဲ့သည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ထပ်မံရောက်ရှိလာသော မြို့နယ်စည်ပင်လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဝင်း၊ စည်ပင်ဝန်ထမ်း ၁၀ ဦး၊ စည်ပင်စည်းကမ်းထိန်းတပ်ဖွဲ့၊ နယ်မြေခံရဲကင်းမှူး တပ်ကြပ်ကြီး သဲနေအောင်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော စုပေါင်းအဖွဲ့သည် ခြံစည်းရိုးကာရန်အတွက် ဆောင်ရွက်နေသူများကို တည်ဆဲဥပဒေများနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျူးကျော်ဆောင်ရွက်ထားသော ခြံစည်းရိုးတိုင်များနှင့် သံဆန်ကာများကို ဌာနပိုင်ထော်လာဂျီယာဉ်နှစ်စီးဖြင့် ညနေ ၃ နာရီတွင် မြို့နယ်စည်ပင်ရုံးသို့ သယ်ယူသိမ်းဆည်းသွားခဲ့သည်။**(အပေါ်ပုံ)** အဆိုပါ ကျူးကျော်သူများကို စည်ပင်သာယာ၏ တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။**(မင်းထက်ပိုင်-လှိုင်သာယာ)**

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

နည်းပညာသင်ကြားလေ့လာရေး ဒစ်ဂျစ်တယ်စာကြည့်တိုက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ပထမဆုံး တပ်ဆင်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁

ကိုရီးယားနိုင်ငံ၏ ကမ္ဘာကျော် အီလက်ထရွန်နစ် ကုမ္ပဏီတစ်ခုဖြစ်သော ဆမ်ဆောင်းအီလက်ထရွန်နစ်မှ ဝန်ထမ်းများစုပေါင်း ဖွဲ့စည်းထားသော စေတနာ့ဝန်ထမ်းအဖွဲ့နှင့် ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့၏ အစီအစဉ်ဖြင့် နည်းပညာသင်ကြားလေ့လာရေး ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင်ပထမဆုံးတပ်ဆင်လှူဒါန်းခြင်းကြောင့် နည်းပညာဆိုင်ရာ ဘာသာရပ်များကို လေ့လာနေသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စတင်အသုံးပြုနိုင်ပြီဖြစ်သည်။

အဆိုပါ ဒစ်ဂျစ်တယ်စာကြည့်တိုက်တွင် အရည်အသွေးမြင့် အီလက်ထရွန်နစ် ပစ္စည်းများ တပ်ဆင်ကာ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ပြီး နိုင်ငံတကာ စာကြည့်တိုက်များရှိ စာအုပ်စာတမ်းများကိုပါ ဖတ်ရှုလေ့လာနိုင်မည့်အပြင် ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုများအား အသံသွင်းမှတ်သားခြင်း၊ ပြန်လည်လေ့လာခြင်းနှင့် Programming ဆိုင်ရာ ပညာရပ်များလေ့လာရန် အလွန်အသုံးဝင်သောစနစ်များအသုံးပြုတည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် နည်းပညာနှင့်စက်ပစ္စည်းအကူအညီများနှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဒေသခံများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများအတွက် ကိုရီးယားနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ပါမောက္ခ Dr. Shin Jang Koon ဦးဆောင်သောအဖွဲ့နှင့် ဆမ်ဆောင်း အီလက်ထရွန်နစ်၏ စေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ အမေရိကန်ဒေါ်လာ တစ်သိန်းအကုန်အကျခံကာ စေတနာ့ဝန်ထမ်းဆောင်ရွက်ချက်များအဖြစ် ကူညီပံ့ပိုးခြင်းဖြစ်ကြောင်း သိရသည်။

(စံကားဝါ)

မထသ ၃ မီနီဘတ်စ်ပြေးဆွဲသော်လည်း ယာဉ်ငယ်များကို အားထားနေရသေး

ရန်ကုန် စက်တင်ဘာ ၁

မထသ ၃ ယာဉ်လိုင်းတွင် ယခုအခါမီနီဘတ်စ်များ ပြေးဆွဲနေပြီဖြစ်သော်လည်း စီးရေနည်းခြင်းကြောင့် ယာဉ်ငယ်များကိုသာ အားထားနေရဆဲဖြစ်ကြောင်း သိရသည်။

ယခု ဩဂုတ်လကုန်ပိုင်းမှစ၍ မထသ ၃ (အစိမ်းရောင်)ယာဉ်လိုင်းတွင် မီနီဘတ်စ်ယာဉ်များပြေးဆွဲခဲ့ပြီး နှစ်စီးခန့်သာရှိခြင်းကြောင့် ယာဉ်ငယ်များကိုသာ အားထားနေရဆဲဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ယခင်က အဆိုပါအမှတ် ၃ အစိမ်းရောင်ယာဉ်လိုင်းသည် အလုံမှ ရွှေတိဂုံစေတီကိုပတ်၍ တောင်ဘက်မုခ်အနီးမှ လသာလမ်းအထိပြေးဆွဲခဲ့သော်လည်း ဟိုင်းလတ်၊ ဒိုင်နာများကို မြို့တွင်းဧရိယာသို့ ဝင်ရောက်ခွင့်မပြုခဲ့ခြင်းကြောင့် တောင်ဘက်မုခ်မှ ဦးထောင်ဘိုလမ်းသို့ ပြောင်းကာ မင်္ဂလာဈေးအနီးထိ လမ်းကြောင်းပြောင်းလဲပြေးဆွဲခဲ့သည်။ ယခု မီနီဘတ်စ်များဝင်ရောက်ပြေးဆွဲပေးပြီဖြစ်သော်လည်း ဟိုင်းလတ်ယာဉ်ငယ်များ ပြေးဆွဲသည့် လမ်းကြောင်းအတိုင်းသာ ပြေးဆွဲနေခြင်းကြောင့် မီနီဘတ်စ်ယာဉ်များဖြင့် ယခင်လို လသာလမ်းဘက်အထိ ပတ်၍ပြေးဆွဲပေးနိုင်ရန် ခရီးသည်များက မျှော်လင့်နေကြောင်း သိရသည်။

အဆိုပါအမှတ် (၃) ယာဉ်ငယ်လိုင်းတွင် အစိမ်းရောင်လိုင်း၊ အဝါရောင်လိုင်း၊ အဖြူရောင်လိုင်းဟူ၍ရှိပြီး စီးရေ ၃၀ ကျော်ဖြင့် ခရီးသည်များကို ဝန်ဆောင်မှုပေးနေကြကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ဆိုင်ကယ်စီးသူများကို ဖမ်းဆီး၍ထောင်ဒဏ်ချမည်ဟုဆို

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဆိုင်ကယ်စီးနင်းသူများကို ဖမ်းဆီးထောင်ချမှုများပြုလုပ်သွားမည်ဟု ထုတ်ပြန်ထားကြောင်း ဒေသခံများထံမှ သိရသည်။ အဆိုပါသတ်မှတ်မှုကို ဒေသန္တရအမိန့်အဖြစ် ထုတ်ပြန်ခြင်းဖြစ်ပြီး အသံချဲ့စက်များဖြင့် ကြေညာခဲ့သည်ကို ကြားသိရကြောင်း (၆)ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

ထိုသတ်မှတ်ချက်တွင် ဆိုင်ကယ်မောင်းနှင်မှုကို ထောင်သုံးနှစ်ချကာ နောက်မှစီးနင်းလိုက်ပါသူကို ထောင်ခြောက်လချမည်ဖြစ်ပြီး လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ပါက ဆိုင်ကယ်ကိုသိမ်းခြင်းနှင့် လိုင်စင်ရှိသောဆိုင်ကယ်ဖြစ်ပါက ဒဏ်ရိုက်၍ ဆိုင်ကယ်ပြန်ထုတ်ပေးမည်ဟု ဒေသန္တရအမိန့်ထုတ်ပြန်လိုက်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

(၆၁၀)

ရေတာရှည်မြို့နယ်တွင် ဗျောက်အိုးဖောက်သူများပြားလာ

ရေတာရှည် စက်တင်ဘာ ၁

သီတင်းဝါလ ကျွတ်ခါနီးတိုင်း ဗျောက်အိုးများဖောက်လေ့ရှိပြီး အများသူငါ အထိတ်တလန့် ဖြစ်ပေါ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက တားမြစ်ပိတ်ပင်လေ့ရှိသည်။

ယခင်နှစ်က တရားမဝင်ဗျောက်အိုးရောင်းသူများကို ဖမ်းဆီးသည့်အခါ မိတဲ့ သူမိ၊ ဝှက်သူကဝှက်ထားကြပြီး လက်ကျန်များကို ယခုကတည်းက ပြန်လည်ရောင်းချလျက်ရှိ၍ ရေတာရှည်မြို့ပေါ်နေရာအနှံ့အပြားတွင် ညပိုင်းဆိုလျှင် ဗျောက်အိုးဖောက်သံများအဆက်မပြတ်ကြားနေရသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။ "ဆိုးတာက ကလေးတွေပဲ၊ လမ်းသွားနေရင်း လှမ်းပစ်တော့ စိတ်ဆိုးရလည်းခက်၊ ပြန်ပြောရလည်း ခက်နဲ့" ဟု ကိုယ်တိုင်ကြုံခဲ့ရသူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

(၅၇၈)

ASIA KING 09-43114301, 01-387973

လေးမြိုင် စီစဉ်သည်

YAMATO

DALE

Auto Tech

ကျေးဇူးဆပ်ပါမည်

ဦးခင်မောင်ထွေး[၁၂/တမန(နိုင်)၀၇၄၇၁၀] အိမ်အမှတ်(၁၅)၊ ၁၆၅ လမ်း၊ တာမွေကြီး(B)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်၏ မော်တော်ကားတင်သွင်းခွင့် လိုင်စင်အမှတ် ISP 3/12-13 17450 01/10/12 နှင့် ဆိပ်ကမ်းခွန်ဆောင်ထားသော ပြေစာမူရင်း သွင်းကုန်ကြေညာလွှာအမှတ် ၇၉၈၉၈၁ မှတ်ပုံတင်မူရင်းတို့သည် လမ်းသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူ အမြန်ဆုံးအကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀၅၀၇၀၀
၀၉-၇၃၀၅၃၀၉၈

မြန်မာနိုင်ငံကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ အခြေစိုက် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော တာဝန်သိ ခရီးသွားလုပ်ငန်းတွင် မြန်မာနိုင်ငံ ကမ္ဘာ့လှည့်ခရီးသွား လုံခြုံရေးရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ စင်ထရယ်ဟိုတယ်၌ ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မစ္စတာအာခင်းမွန့်စ် (ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတွင် ဒုရဲမှူးကြီး မျိုးမင်းဦး၊ [ဦးစီးအရာရှိ (ပထမတန်း)၊ (ဦး၊ ရေး၊ ထောက်) မြန်မာနိုင်ငံကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့]က ပြောင်းလဲတိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေးမူဝါဒများနှင့်အညီ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ လာရောက်သော ခရီးသွားဧည့်သည်များ အဆင်ပြေ၍ လုံခြုံစိတ်ချမ်းသာစေရန်အတွက် သီးသန့်ကူညီပေးနိုင်သော တပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်လိုအပ်ခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်အရ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွဲ့စည်းထားခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်မှု၏ နောက်ကွယ်၌ တွဲပါတတ်သည့် ရာဇဝင်လူဆိုးများ ဝင်ရောက်နိုင်ခြင်း မရှိအောင် ကာကွယ်ခြင်း၊ ရာဇဝတ်မှုများ၊ လူကုန်ကူးမှုများ လျော့နည်းစေရန်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့အနေဖြင့် ဖွဲ့စည်းဆောင်ရွက်သည့် ကာလ၌ ကြုံတွေ့ရသော ပြဿနာအခက်အခဲများတွင် အမှန်တကယ် လက်တွေ့မဆန်၍ ပယ်ဖျက်ရမည့် အချက်များ၊ ပြန်လည်ဖြည့်စွက်သင့်သည့်အချက်များကို ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ အပြန်အလှန်သုံးသပ်ဆွေးနွေးကာ ကောင်းမွန်သော အချက်များသိရှိနိုင်ရန် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး ပူးပေါင်းလုပ်ဆောင်ရန်နှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ မျှော်မှန်းချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ တာဝန်သိခရီးသွားလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက မြန်မာနိုင်ငံ တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒများအကြောင်း၊ ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံတွင် ကျင့်သုံးလိုက်နာရမည့် ရှောင်ရန်နှင့် ဆောင်ရန်အချက်များအကြောင်း၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍအကြောင်း၊ သဘာဝအလျောက်ဖြစ်ပေါ်သော အရေးအခင်းများ၊ ကမ္ဘာလှည့်ခရီးသွားများ ကြုံတွေ့ရသော အခက်အခဲများနှင့် လုပ်ဆောင်ဖြေရှင်းခြင်း အကြောင်းများကို အလုပ်ရုံဆွေးနွေးပွဲရက်များအတွင်း နှစ်ပိုင်းခွဲ၍ တင်ပြဆွေးနွေးကြသည်။

မြန်မာနိုင်ငံကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက အဆိုပါ နှစ်ရက်အတွင်း အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးမှုစနစ်ဖြင့် မြန်မာနိုင်ငံကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၏ တာဝန်ယူမှုအပိုင်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ဖမ်းဆီးခြင်း၊ တားဆီးခြင်း၊ ထိန်းသိမ်းစုံစမ်းစစ်ဆေးခြင်း၊ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများ၊ ကလေးသူငယ်အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု (ရောင်းဝယ်သယ်ဆောင်ခြင်း)၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုနှင့် လုယက်မှုများအကြောင်းကို ကမ္ဘာ့လက်ဖက်ရည်ဝိုင်း ဆွေးနွေးမှုစနစ်ဖြင့် ခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးချက်ရလဒ်များကို သုံးသပ်တင်ပြဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ အကျိုးရလဒ်များကို တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဓမ္မာရုံသစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်၌ အသစ်ဆောက်လုပ်ပြီးစီးသည့် ဓမ္မာရုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး တက်ရောက်ပြီး အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများအား နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးသန်းဦးက လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုကဲ့သို့ အလျား ၇၂ ပေ၊ အနံပေ ၃၀ တစ်ထပ်အဆောက်အအုံ ဓမ္မာရုံသစ် တည်ဆောက်ပေးခြင်းအားဖြင့် ရပ်ကွက်နေပြည်သူများ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားပွဲများ ကျင်းပခြင်း၊ နေ့ကြီးရက်ကြီးများတွင် ဘာသာရေးအခမ်းအနားများ ကျင်းပခြင်း၊ အလှူဒါန ပြုလုပ်ခြင်း၊ ကလေးသူငယ်များအတွက် ယဉ်ကျေးလိမ္မာ သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သာရေး၊ နာရေးဆိုင်ရာကိစ္စများကို စိတ်ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ယင်းဓမ္မာရုံ၌ တရားဒေသနာတော်များ ဖတ်ရှုလေ့လာနိုင်ရန်အတွက် အလှူရှင်များက တရားဓမ္မစာအုပ်များ လှူဒါန်းထားရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင်၌ စာပေရေချမ်းစင်များ တိုးချဲ့ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ပြည်သူများ စာပေဗဟုသုတ လက်လှမ်းတမီ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် လူစည်ကားသော ကားဂိတ်များ၊ တက္ကသိုလ်များ၊ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံ၊ ဈေးတို့တွင် စာပေရေချမ်းစင် ၅၁ ခု ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင်တွင် စာပေရေချမ်းစင် ၅၇ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ စာစဉ်အမှတ် (၃/၂၀၁၃)အထိ ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် လဲလှယ်ဆောင်ရွက်ပေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(တညင်လေး)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့မှ လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က)	တာယာအမျိုးမျိုး (၈)မျိုး	(၄၃)လုံး
(ခ)	အင်ဂျင်ဝိုင်(SAE-50)	(၂)ပီပါ
(ဂ)	ဂီယာဝိုင်(SAE-90)	(၁)ပီပါ

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၆-၉-၂၀၁၃ ရက်၊ မွန်းလွဲ ၁ နာရီ
၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဌာနမှူး၊ ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
မိတ္ထီလာမြို့

စက်မှုလက်မှုအထက်တန်းကျောင်း မေမြို့

တတိယအကြိမ် အာစရိယပူဇော်ပွဲအတွက် ညှိနှိုင်းတိုင်ပင်ယင်း အကြိုညစာစားပွဲပြုလုပ်ရန်အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၄ ရက် (စနေနေ့) ညနေ ၅ နာရီ တိတိမှာ ရန်ကုန်မြို့၊ မင်္ဂလာဒုံ ခရေပင်လမ်းခွဲ မြနဒီဟိုတယ်အနီးရှိ ရှိုင်းစားသောက်ဆိုင်တွင် ကျင်းပပြုလုပ်မှာမို့ ညီနောင်သူငယ်ချင်းများ မပျက်မကွက် တက်ရောက်နိုင်ရန် ဖိတ်ကြားလိုက်ပါတယ်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီကိုယ်စား
မောင်ယုနိုင်
အောင်မြန်မာဆောက်လုပ်ရေး
ဖုန်း-၀၁-၉၄၁၀၀၃၀၊ ၀၉၄၄၈၅၄၀၈၇၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်စတိုနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂-၉-၂၀၁၃ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၆-၉-၂၀၁၃ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂



အိမ်ရှင်တစ်သင်းသာ ရှုံးပွဲရှိခဲ့သည့် ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၄)

ငွေကြယ်

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၄)ကို ဩဂုတ် ၃၁ ရက်ညပိုင်းက ပွဲစဉ်ခြောက်ပွဲကစားခဲ့ရာ အိမ်ရှင်အဖြစ်လက်ခံကစားခဲ့ရသော အသင်းများထဲတွင် နူရင်ဘက်အသင်းတစ်သင်းသာ ရှုံးပွဲကြုံခဲ့ပြီး ကျန်အိမ်ရှင်အသင်းအားလုံး နိုင်ပွဲကိုယ်စီရရှိခဲ့သည်။

ဂလာဘက် ၄-၁ ဝါဒါဘရီမင်

အိမ်ကွင်းအားကောင်းသည့် ဂလာဘက်တို့ ပွဲစဉ်တစ်လျှောက်လုံး ပြိုင်ဘက် ဝါဒါဘရီမင်ကို ဖိအားပေးကစားကာ ပွဲကစားချိန် ၃၆ မိနစ်တွင် အဖွင့်ဂိုးရရှိခဲ့ပြီး ဒုတိယပိုင်းတွင် ရက်ဖ်ဖေးလ်၊ မက်ဇ်ခရ်၊ ဟာမန်တို့၏ သွင်းဂိုးများထပ်မံရရှိခဲ့သည်။ ဧည့်သည် ဝါဒါဘရီမင်ကို ခြေပဂိုးတစ်ဂိုးပေးလိုက်ရခြင်းသည်လည်း ဂလာဘက်ကွင်းလယ်လူဇက်ကာအစား လူစားဝင်လာသည့် နောဗိတ်၏အမှားမှတစ်ဆင့် ပေးလိုက်ရခြင်းဖြစ်ပြီး လက်ရှိတွင် ဂလာဘက်တို့ လေးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ခုနစ်မှတ်ရရှိထားသည်။

ဟန်နိုဗာ ၄-၁ မိန့်ဇ်

ခြေရည်တူနှစ်သင်းတွေ့ဆုံခဲ့သည့် ပွဲစဉ်ဖြစ်သော်လည်း ဧည့်သည်မိန့်ဇ်အသင်းက ၁၂ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး နောက်ထပ်ဂိုးမသွင်းနိုင်ဘဲ အိမ်ရှင်အသင်း၏ သွင်းဂိုးများကိုသာခွင့်ပြုပေးလိုက်ရခြင်းကြောင့် ပြိုင်ပွဲအပြီးတွင် ဟန်နိုဗာအသင်းက လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယား၏ စတုတ္ထနေရာကို ရပ်တည်နိုင်ခဲ့သည်။

ဝုလ်စ်ဘက် ၂-၀ ဟာသာဘာလင်

ယင်းပွဲသည် တန်းတက်ဟာသာဘာလင်အတွက် ပထမဆုံးရှုံးပွဲဖြစ်ခဲ့ပြီး ဝုလ်စ်ဘက်အတွက် ဒုတိယမြောက်နိုင်ပွဲဖြစ်လာခဲ့သည်။ ဧည့်သည်ဟာသာဘာလင်အသင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့သော ဝုလ်စ်ဘက်အသင်းသည် ပထမပိုင်းတွင် ရရှိခဲ့သည့် အိုလစ်၏သွင်းဂိုးနှင့်ဒီယေဂို၏ ပင်နယ်တီသွင်းဂိုးတို့ဖြင့် ဟာသာဘာလင်အသင်းကိုနှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နူရင်ဘက် ၀-၁ အော့စ်ဘက်

ပွဲစဉ်(၄)၏ အိမ်ရှင်အဖြစ် လက်ခံကစားရသော အသင်းများထဲတွင် ရှုံးပွဲကြုံခဲ့ရသည့် နူရင်ဘက်သည် ပြိုင်ဘက်အော့စ်ဘက်အသင်းကိုပွဲစဉ်တစ်လျှောက်အကြိတ်အနယ်ကစားခဲ့သော်လည်း ပီနိုလာ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် ၈၄ မိနစ်တွင် ဧည့်သည် အော့စ်ဘက်အသင်း၏ ကွင်းလယ်လူ ကီဗင်ဗော့၏ သွင်းဂိုးကို ခွင့်ပြုလိုက်ရခြင်းကြောင့် အိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် လေးပွဲကစားပြီး နိုင်ပွဲမရသေးသည့် နူရင်ဘက်အသင်း သရေနှစ်ပွဲဖြင့်နှစ်မှတ်သာ ရရှိထားသေးသည်။

ဟမ်းဘက် ၄-၀ ဘရောင်ရှ်ဝစ်ဂ်

လက်ရှိအချိန်ထိ ရှုံးပွဲများသာ ဆက်တိုက်ကြုံပြီး တစ်မှတ်မှမရသေးသည့် တန်းတက်ဘရောင်ရှ်ဝစ်ဂ်အသင်းသည် ယခုပွဲစဉ်တွင် ဟမ်းဘက်အသင်းကို အကောင်းဆုံးယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့၍ ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးလိုက်ရသည်။ သို့ရာတွင် ချေပဂိုးတစ်ဂိုးမှ ပြန်မသွင်းနိုင်ခဲ့ဘဲ အိမ်ရှင်ဟမ်းဘက်အသင်းကို လေးဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ရသည်။ ဟမ်းဘက်အသင်းအတွက် ပထမဆုံးနိုင်ပွဲဖြစ်ခဲ့ပြီး သရေတစ်ပွဲရရှိထားခြင်းကြောင့် ရမှတ်လေးမှတ်ရရှိထားသည်။

ရှော့လ်ကေး ၂-၀ လေဗာကူဆင်

လေဗာကူဆင်အသင်းသည် အိမ်ရှင်ရှော့လ်ကေးအသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ယခင်သုံးပွဲဆက်တိုက်အနိုင်ရရှိထားခြင်းကြောင့် ဘိုင်ယန်မြူးနစ်နှင့်ဒေါ့မွန်တို့လောက် အမှတ်ပေးဇယား၏ တတိယနေရာကို ရရှိထားပြီး ရမှတ်ကိုးမှတ်ရရှိထားသည်။ ရှော့လ်ကေးအသင်းမှာမူ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ်ရရှိကာ အဆင့်(၁၃) သို့ရောက်ရှိနေသည်။

ပရီမီယာလိဂ် ပွဲစဉ်(၃)ရလဒ်များ

လီဗာပူး	၁	-	၀	မန်ယူ
ဝက်စ်ဘရွန်း	၀	-	၂	ဆွမ်ဆီး

မြန်မာဂျူဒိုအားကစားအဖွဲ့ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ဂျပန်သို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် Government to Government အစီအစဉ်အရ စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဂျပန်နိုင်ငံတိုကျိုမြို့ရှိ ကိုဒိုတန် ဂျူဒိုသင်တန်းကျောင်းတွင် ဂျူဒိုအားကစားနည်း ပူးတွဲလေ့ကျင့်ရန် ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၂) အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်းမှ ဒုတိယဗိုလ်မှူးကြီး စောရွှေခေါင်းဆောင်၍ ဂျပန်နည်းပြချုပ်၊ နည်းပြ၊ စကားပြန်နှင့် ကစားသမား ၁၂ ဦး စုစုပေါင်း ၁၆ ဦး ပါဝင်သော မြန်မာဂျူဒိုအားကစားအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ပို့ဆောင်ခဲ့ကြကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

ထိုင်းတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့ ဗန်ကောက်သို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ထိုင်းတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဗိုလ်ကျော်ကျော်ဦး ခေါင်းဆောင်၍ အုပ်ချုပ်သူ ဒေါ်ခင်ညိုနှင့် နည်းပြ၊ အားကစားသမား ၁၁ ဦးပါဝင်သော မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အားကစားအနေဖြင့် မီတာ (၁၀၀၊ ၂၀၀၊၄၀၀) အပြေးနှင့် သံလုံးပစ်၊ သံပြားပစ်၊ကြိုးတပ်သံလုံးပစ်၊ လှံတံပစ်အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံ ၁၁ နိုင်ငံအပြင် သီရိလင်္ကာ၊ တိုင်ပေ၊ ဟောင်ကောင်၊ ကိုရီးယား၊ အီရန်၊ အိန္ဒိယနိုင်ငံများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

အားကစားမြှင့်တင် စိတ်လန်းရွှင်





စာအုပ် စာပေ လူ့မိတ်ဆွေ



မကွေး၌ ဆိုင်ကယ်တိုက်မှုဖြစ်ပွား

မကွေး စက်တင်ဘာ ၁

ဩဂုတ် ၂၆ ရက် ညနေ ၆ နာရီခွဲခန့်တွင် မကွေးမြို့နယ် မိကျောင်းရဲမြို့ တည်ပင်ကန်ကျေးရွာလမ်းခွဲ မကွေး-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် (၁၀၄/၀)အနီးတွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ မိကျောင်းရဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ တောင်တွင်းကြီးမြို့နယ် ချောင်းနက်အရှေ့စုရွာနေ ဦးသာဝ (၅၂)နှစ် မောင်းနှင်ပြီး နောက်မှ ဒေါ်လှကြည် (၅၀)နှစ် လိုက်ပါလာသည့် MM/ .... WONJAN 125 အနက်ခဲကျားရောင် ဆိုင်ကယ်သည် တည်ပင်ကန်ကျေးရွာလမ်းခွဲအရောက်တွင် မကွေးမှ တောင်တွင်းကြီးသို့ မကွေးမြို့နယ် အလယ်ဘိုကျေးရွာနေ ဇင်ဖြိုးဝေ (၂၂)နှစ် မောင်းနှင်လာသည့် ၁၀ယ/.... SUMBO 125 အနက်ရောင် ဆိုင်ကယ်မှ ယာဉ်ကြောမှားပြီး ဝင်ရောက်တိုက်မိသဖြင့် ဦးသာဝနှင့် ဒေါ်လှကြည်တို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဇင်ဖြိုးဝေအား မိကျောင်းရဲနယ်မြေရဲစခန်းက ယာဉ် (ပ)၁၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၇/ ၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဒဂုံမြို့နယ်၌ ရထားကြိတ်မိ၍ အမျိုးသားတစ်ဦးသေဆုံး

ရန်ကုန် စက်တင်ဘာ ၁

ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်လမ်းဘူတာတွင် အင်းစိန်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော မြို့ပတ်ရထားတစ်စင်းက အမျိုးသားတစ်ဦးအား ကြိတ်မိသဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၉ ရက် ည ၇ နာရီက ဒဂုံမြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းရွှေ တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်လမ်းဘူတာတွင် အမျိုးသားတစ်ဦး ရထားကြိတ်ခံရကြောင်း သတင်းအရ တာဝန်မှူးနှင့် တာဝန်ရှိသူများက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အသက် (၂၂) နှစ်ခန့်အရွယ် အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသဖြင့် ဖြစ်စဉ်အား စုံစမ်းရာ ယင်းနေ့ ညနေ ၆ နာရီခွဲခန့်က အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့ စက်ခေါင်းမောင်း ဦးစန်းမောင် မောင်းနှင်လာသော စက်ခေါင်းအမှတ် (DD-934) မြို့ပတ်ရထားသည် မိုင်တိုင်အမှတ် (၁၂) ပြည်လမ်းဘူတာသို့ ဝင်လာစဉ် ရထားဘီးဖြင့် ကြိတ်မိရာ လည်ပင်းပြတ်ဒဏ်ရာရရှိ၍ သေဆုံးသွားသဖြင့် အလောင်းအား ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ရာ PR-016 ဖြင့်လက်ခံပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ်ဝင်းရွှေက တရားလိုပြုလုပ်၍ ဒဂုံမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၇/၂၀၁၃ဖြင့် အမှုဖွင့်လှစ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၃၇)

လင်မယားချင်းစကားများစဉ် ဖျန်ဖြေသူ ဓားနှင့် အထိုးခံရ

ထန်းတပင် စက်တင်ဘာ ၁

တောင်ငူခရိုင် ထန်းတပင်မြို့နယ် မဲဖလံကျေးရွာအုပ်စု ရွာလေးကုန်းကျေးရွာတွင် ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက စကားများရန်ဖြစ်နေသည့် လင်မယားစုံတွဲအား ဝင်ရောက်ဖျန်ဖြေပေးသူ ဓားဖြင့် အထိုးခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွာလေးကုန်းကျေးရွာနေ ဦးလှလွင် (၄၇)နှစ်(ဘ) ဦးသန်းအောင်သည် တစ်ရွာတည်းနေသူများဖြစ်သော သန်းဇော်ဦး (ခ)ရွှေအေး (၄၀)နှစ်နှင့် မစန်းအေး (၃၉)နှစ်တို့ လင်မယားချင်းစကားများ ရန်ဖြစ်နေသဖြင့် သွားရောက်ဖျန်ဖြေပေးခဲ့ရာ သန်းဇော်ဦးက ဦးလှလွင်အား ဓားနှင့်ထိုးခဲ့၍ ဝဲဘက်ရင်ညွှန့်အောက် ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိခဲ့ပြီး လှည်းလမ်းကူး တိုက်နယ်ဆေးရုံ၌ ကုသခဲ့ပြီး ဓားဖြင့်ထိုးသူ သန်းဇော်ဦးအား ဇရပ်ကြီးရဲစခန်းက (ပ) ၆၈/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ -၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၅၇၈)

မှော်ဘီ၌ နှစ်လုံးထီဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၁

မှော်ဘီမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်မျိုးနိုင်နှင့်အဖွဲ့သည် လောင်းကစားသတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မှော်ဘီမြို့နယ် ညောင်ရွာကျေးရွာနေ ဒေါ်စန်းကြည်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နှစ်လုံးဂဏန်း ရေးသားထားသော စာရွက်၊ ချိုင်းစာရွက်၊ ဘောပင် သုံးချောင်း၊ ငွေစက္ကူရောရာ ၃၅၂၀၀ တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် မှော်ဘီရဲစခန်းက (ပ) ၄၈၇/၁၃၊ လောင်းကစားပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ပြီး တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

(၃၁)

စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၂၉ ရက် ည ၈ နာရီက မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ကြာဖြူလမ်းပေါ်တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ပြည်ထောင်စုလမ်းမကြီးမှ ကြာဖြူလမ်းသို့ မူဆယ်မြို့ နမ့်တောင်းအုပ်စု ကုန်ဂျုံးရွာနေ ဘရန်လွှန်း (ခ) အိုက်မွန်း (၄၀)နှစ် မောင်းနှင်ပြီး မူဆယ်မြို့ မိုင်းယုကျေးရွာ (၁၀၅)မိုင်နေ မမိုင်းဘူ (၂၅)နှစ်တို့ စီးနင်းလာသည့် တရုတ်နိုင်ငံလုပ် ZNA အမျိုးအစား တရုတ်ယာဉ်အမှတ် N/....... အစိမ်းရောင် နှစ်ခန်းတွဲယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဘရန်လွှန်းနှင့် မမိုင်းဘူတို့နှစ်ဦးကြားရှိ EUROPE ASIA စာတန်းပါ ဂျပ်ဖာနှစ်ခုအတွင်း အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား တစ်ထုပ်လျှင် ၁၉၅ ပြားစီပါ အထုပ် ၁၅၀ စုစုပေါင်းဆေးပြား ၂၉၂၅၀၊ တန်ဖိုးငွေကျပ် ၅၈၅၀၀၀၀ အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဘရန်လွှန်း (ခ) အိုက်မွန်းနှင့် မမိုင်းဘူတို့နှစ်ဦးအား မူဆယ်မြို့မရဲစခန်းက မယ(ပ) ၈၃/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကသာမြို့ပေါ်တွင် မသင်္ကာသူတစ်ဦးကို စစ်ဆေးရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကသာ စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မသင်္ကာသူတစ်ဦးအား စစ်ဆေးရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခွဲက မုံရွာ မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်ရွှေသာထွန်း(ဦးစီး)၊ ဒုတပ်ကြပ်ထွန်းထွန်းလင်း၊ တသသန်းဇော်ဟိန်း၊ ကသာမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်လွင်(ဦးစီး)၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဌေးဝင်း၊ တပ်ကြပ်ကြီးသန်းအောင်၊ ခရိုင်အထူးမှုခင်း နှိမ်နင်းရေးဌာနခွဲမှ တပ်ကြပ်ဇော်ဇော်တို့ ပူးပေါင်းအဖွဲ့သည် သက်သေ ဦးမြင့်သိန်း အမှတ် (၉)ရပ်ကွက် ကသာမြို့နှင့် ကျော်စိုးလွင် အမှတ် (၆) ရပ်ကွက် ကသာမြို့ နေသူတို့နှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ လမ်းမတော်လမ်း လျှပ်စစ်ခတ်အား ဖြန့်ဖြူးရေးရုံးရှေ့တွင် တွေ့ရှိသူ ယိုအီ ဟူမိုထီကျေးရွာ ဖရူးဆိုးမြို့နယ် ကယားပြည်နယ်နေသူအား ၎င်းပိုင်ဆိုင်သော အဖြူရောင် ဆာလာအိတ်နှစ်အိတ်နှင့်အတူ တွေ့ရှိရပြီး ရှာဖွေရာ ဆာလာအိတ် တစ်အိတ်အတွင်းမှ ဝါးဖျာများဖြင့် သို၀ှက်ထည့်သွင်းပြီး အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် ဘိန်းစိမ်းဟု ယူဆရသည့် အလေးချိန် တစ်ထုပ်လျှင် ၁ ဒသမ ၃ ကီလိုဂရမ်ခန့်စီပါ ကိုးထုပ်၊ ဆက်လက်ပြီး ရှာဖွေရာ ဆာလာအိတ် တစ်အိတ်အတွင်း ဖျာနှစ်ချပ်အတွင်းမှ အဖြူရောင်ပလတ်စတစ်ဖြင့် ထုပ်လျက် ဘိန်းစိမ်းဟု ယူဆရသည့် အလေးချိန် တစ်ထုပ်လျှင် ၁ ဒသမ ၃ ကီလိုဂရမ်စီပါ ကိုးထုပ်နှင့် DLAN စာတန်းပါ ဖုန်းတစ်လုံးတို့ကို ရှာဖွေတွေ့ရှိရပြီး အဆိုပါပစ္စည်းများကို ယိုအီမှ ၎င်းပိုင်ပစ္စည်းများဖြစ်ကြောင်း သက်သေများရှေ့တွင် ထွက်ဆိုသဖြင့် ရှာဖွေပုံစံရေးသွင်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ယိုအီအားစစ်မေးရာ ၎င်းထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်းထုပ်များကို ဩဂုတ် ၂၀ ရက်က ခေါက်အီရွာ ဖယ်ခုံမြို့နယ် ရှမ်းပြည်နယ် (တောင်ပိုင်း)နေသူ မောင်တုတ်အီ (စိစစ်ဆဲ)ထံမှ တစ်ထုပ်လျှင် ကျပ်ရှစ်သိန်းနှုန်းဖြင့် ဝယ်ယူလာပြီး ပြန်လည်ရောင်းချရန် ယူဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ အဆိုပါအမှုနှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများကို ရောင်းချရန် လက်ဝယ်ထားရှိသူ ယိုအီနှင့် မောင်တုတ်အီတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နီတိုး(ခတ်ပုံ)





ရမည်းသင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးကြပြီ

ရမည်းသင်း စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်အုပ်စုအတွင်း လယ်ယာမြေများတွင် မိုးစပါးစိုက်ပျိုးနေကြသည်ကို တွေ့ရသည်။**(အပေါ်ပုံ)**

အင်ကြင်းကန်အုပ်စုတွင် မနောသုခစပါးမျိုးကို အဓိကထား စိုက်ပျိုးကြပြီး ယခုနှစ်တွင် စိုက်ရက်အတန်ငယ်နောက်ကျသည်ဟု သိရသည်။ ပျိုးကို ယခင်လကရွာသွန်းခဲ့သော မိုးရေကိုလှောင်၍လည်းကောင်း၊ ရေတွင်းများ တူး၍လည်းကောင်း ပျိုးထောင်ကြသည်ဟုသိရသည်။

ယခုအခါ မိုးရွာရက်များခြင်းနှင့် ဆည်မှရရှိသောရေကြောင့် တစ်ပြိုင်တည်း စိုက်ပျိုးနိုင်ကြသည်။ ထို့ကြောင့် ယင်းဒေသမှ ကောက်စိုက်သမများသာမက ချောင်းခွရွာ၊ ဆူးတပ်ရွာများမှလည်း ကောက်စိုက်ငှားရသည်ဟုသိရပြီး ကောက်စိုက်သမတစ်ဦးလျှင် တစ်နေ့ကုန် ကျပ် ၂၀၀၀ ပေးရသည်။ စိုက်ဧကများသောတောင်သူများမှာ စပါးစိုက်ရက်တွင် ကောက်စိုက်သမအခက်အခဲမရှိစေရန် သုတ်သူကြီး (အဖွဲ့ခေါင်းဆောင်) ထံ စရန်ငွေတစ်လကြိုပေးထားရသည်။ သို့မှသာ စိုက်ရက်တွင် အခက်အခဲမဖြစ်နိုင်ကြောင်း သိရသည်။

ပျိုးနုတ်သူများလည်း ယခုလတွင် ဝင်ငွေကောင်းကြသည်။ ပျိုးတစ်ရာလျှင် ကျပ် ၁၅၀၀ ပေးရသည်။ တစ်နေ့ ပျိုးနုတ်တစ်ယောက်လျှင် ပျိုးပင် ၂၀၀ ကျော် ပြီးအောင်နုတ်နိုင်သည်။ ပျိုးနုတ်လိုက်သူများကို လယ်ပိုင်ရှင်များက ထမင်းကျွေးရသည်။

အင်ကြင်းကန်အုပ်စုအတွင်းတွင် နွေစပါးအတွက် စိုက်ပျိုးရေရရှိပါက ရွှေသွယ်ရင်နှင့် သီးထပ်စပါးမျိုးကို စိုက်ပျိုးကြသည်။ လယ်တစ်ဧကစပါးစိုက်ပါက လယ်စရိတ်တစ်သိန်းကျော်ကုန်ကျကြောင်း ယင်းဒေသနေ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ရမည်းသင်းမြို့နယ် အင်ကြင်းကန်အုပ်စုအတွင်းတွင် စပါးစိုက်ဧက ၁၉၉၄ ဧကဖြစ်ပြီး ၁၀၃၅ ဧကမှာ ဆည်ရေသောက်ဧကဖြစ်သည်။ ယခုအခါ အုပ်စုအတွင်းတွင် စိုက်ဧကသုံးချိုးနှစ်ချိုး စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

လှိုင်သန်းတင့် (ရမည်းသင်း)

အမြန်လမ်းမကြီးတွင် အရှိန်တိုင်းကိရိယာများတပ်ဆင်

နေပြည်တော် စက်တင်ဘာ ၁

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မောင်းသူများအနေဖြင့် မိမိမောင်းနှင်နေသော ယာဉ်၏အရှိန်ကိုသိရှိနိုင်ရန် အရှိန်တိုင်းကိရိယာများ(Driver Feedback Sign) တပ်ဆင်ပေးထားသည်ကို တွေ့ရှိရသည်။ ယင်းသို့ တပ်ဆင်ပေးထားခြင်းနှင့်ပတ်သက်၍ ရန်ကုန်-မန္တလေး အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်အား မေးမြန်းကြည့်ရာ ယင်းကိရိယာများကို ယာဉ်များအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်စေရန် ရည်ရွယ်တပ်ဆင်ပေးထားခြင်း ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

"ယာဉ်မောင်းတွေအနေနဲ့လမ်းကိုကြည့်ပြီးမောင်းနေရတဲ့အတွက် ဒက်ရှ်ဘုတ်ဒိုင်ခွက်မှာ ပြနေတဲ့ယာဉ်ရဲ့အမြန်နှုန်းကို သတိထားချင်မှထားမိပါလိမ့်မယ်။ ဒါကြောင့် လမ်းမကြီးရဲ့ဘေးမြင်သာ ထင်သာတဲ့နေရာတွေမှာ ဒီအရှိန်တိုင်း ကိရိယာကို တပ်ဆင်ပေးထားခြင်း ဖြစ်ပါတယ်။ ဒီကိရိယာက ပေ ၂၅၀ လောက်အကွာကို ယာဉ်တစ်စီးရောက်တာနဲ့ အရှိန်နှုန်းကို တိုင်းတာပြီးဖော်ပြပေးပါတယ်။ ယာဉ်မောင်းသူတွေ အနေနဲ့ဒီကိရိယာက ပြတဲ့အရှိန်ကိုကြည့်ပြီး ကိုယ့်အရှိန်နှုန်းကို သတိပြု မောင်းနှင်စေချင်ပါတယ်။ ဒီကိရိယာက အမြန်နှုန်း ကီလိုမီတာ ၁၀၀ အောက်ယာဉ်ဆိုရင်အရှိန်နှုန်းပြဂဏန်းကို အစိမ်းရောင်နဲ့ပြပြီး ကီလို ၁၀၀ ကျော်နေပြီဆိုရင် အနီရောင်နဲ့ ပြပါတယ်" ဟု ၎င်းကရှင်းလင်းပြောကြားသည်။

အဆိုပါအရှိန်တိုင်းကိရိယာများကို အမြန်လမ်းမကြီး၏အသွားလမ်းတွင် ငါးနေရာ၊ အပြန်လမ်းတွင် သုံးနေရာ စုစုပေါင်းရှစ်နေရာတပ်ဆင်ပြီးဖြစ်သည်။ ယခုနှစ်အတွင်း ကိရိယာ ၃၀ တပ်ဆင်သွားမည်ဟုသိရသည်။ အဆိုပါကိရိယာများကို ဆိုလာလျှပ်စစ်စနစ်ဖြင့် ချိတ်ဆက်ထားရာ နေ့ရောညပါ ယာဉ်၏အရှိန်ကို တိုင်းတာပြသပေးလျက်ရှိသည်။

ထို့အပြင် လမ်းမကြီး၏ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သောနေရာများ၌ သတိပေး အချက်ပြမီးဖြစ်သည့် Signal Flash Light များကိုလည်း တပ်ဆင်ထားကြောင်း လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်) ဦးစသန်းဌေးက ပြောကြားသည်။ အထူးသဖြင့် ညဘက်တွင်ဖြတ်သန်းသွားလာသည့် ယာဉ်များအနေဖြင့် ယင်းအချက်ပြမီးကိုကြည့်၍ ယာဉ်ကိုသတိထားမောင်းနှင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အမြန်လမ်းမတစ်လျှောက်တွင် ယင်းအချက်ပြကိရိယာ ၁၀ ခု၊ Yellow Flash ခေါ် အဝါရောင်အချက်ပြမီးအခု ၂၀ တပ်ဆင်ထားပြီး တံတားထိပ်များတွင်လည်း ညအချိန်တွင် တံတားရှိမှန်းသိအောင် အချက်ပြမီးများ တပ်ဆင်ရန်စီစဉ်လျက်ရှိသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ လမ်းမကြီးပေါ်မှာ ယာဉ်တွေအန္တရာယ်နည်းသည်ထက်နည်းအောင် နည်းပညာတွေနဲ့ပေါင်းစပ်ပြီး အမြဲကြိုးစားဆောင်ရွက်သွားမှာပါ။ ဒီလမ်းကြီးကိုအသုံးပြုသွားလာနေတဲ့ ပြည်သူတွေအနေနဲ့လမ်းမကြီး ပိုမိုတိုးတက်ကောင်းမွန်ဖို့အတွက် အကြံဉာဏ်တွေပေးလိုတယ်ဆိုရင် ဖုန်း ၀၉-၈၆၁၈ ၀၀၀ နဲ့ ၀၉-၄၃၅၁၈၀၀၀ တို့ကို ဆက်သွယ်အကြံပြုနိုင်ပါတယ်။

ယာဉ်မောင်းတွေအနေနဲ့လည်း လမ်းတစ်လျှောက်မှာပြသထားတဲ့ လမ်းညွှန် အမှတ်အသားတွေ၊ သတိပေးဆိုင်းဘုတ်တွေနဲ့ ဒီအရှိန်တိုင်းကိရိယာတွေကို ကြည့်ပြီးအမြဲသတိနဲ့မောင်းနှင်ဖို့ မေတ္တာရပ်ခံလိုပါတယ်" ဟု အင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

(အောင်သိဃ်)

ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)ကော်လံ(၃)တွင် ဖော်ပြသော ဖလမ်းမြို့နယ်၌ တောင်ပြို၍ အိမ်လေးလုံးနစ်မြုပ်ခေါင်းစဉ်ပါ စာကြောင်းရေ ၁၃တွင် ဖော်ပြသည့် "ဒေါ်ဇလှယ်ကြွယ် (၅၈)နှစ်နှင့် မိသားစုဝင်တစ်ဦးပျောက်ဆုံး" အစား "ဒေါ်ဇလှယ်ကြွယ်မိသားစု၏ နေအိမ်ပျောက်ဆုံး" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းပေးပို့သူ)

အစိုးရကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၂၀၁၃-၂၀၁၄ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်း
သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၁၈) ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူနှင့် မိဘ(၂)ဦးလုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊ အမှတ်စာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ လျှောက်ထားသူနှင့် မိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။ အိမ်ထောင်မရှိဖူးသူ (လူပျို/ အပျို)ဖြစ်ရမည်။

(င) စေလွှတ်သည့် ပညာရေးကောလိပ်သို့ တက်ရောက်နိုင်ရမည်။

(စ) ဒုတိယနှစ်အောင်မြင်ပြီးသူများအား ဆရာအတတ်ပညာဒီပလိုမာ (Diploma in Teacher Education)ချီးမြှင့်၍ မူလတန်းပြအဖြစ် ခန့်ထားပေးမည်။

(ဆ) ပညာရေးကောလိပ်သင်တန်း တက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်မပြုပါ။

(ဇ) သင်တန်းကာလမှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်မှ ၂၀၁၅ ခုနှစ် နိုင်ဝင်ဘာလကုန်အထိ ဖြစ်ပါသည်။

၃။ ရွေးချယ်ခံရသူစာရင်းနှင့် တက်ရောက်ရမည့် ပညာရေးကောလိပ်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ကြေညာပါမည်။

၄။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

